
www.dhammaransi.com

ဗုဒ္ဓသာသနဘာရော အဝဿံ ဝဟိတဗ္ဗော
"ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ထမ်းဆောင်ရမည်။"

# ဿာထွန်းပြန်

၁၃၇၇-၇၈ ခုနှစ်၊ တပေါင်း-တန်ခူး၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၊ အတွဲ (၂၁)၊ အမှတ် (၈)

စမူစာစောင်





www.dhammaransi.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

www.dhammaransi.com

# သာထွန်းပြန့် မဂ္ဂဇင်း

ဗုဒ္ဓသာသနဘာရော အယံ အပ္ပဟာတဗ္ဗော

ငါသည် ဗုဒ္ဓသာသနာ့တာဝန်ကို မချွတ်ယွင်းဆောင်ရမည်

အတွဲ (၂၁)၊ အမှတ် (၈)၊ ၁၃၇၇ - ၇၈ ခုနှစ်၊ တပေါင်း - တန်ခူး၊
၂၀၁၆ ခုနှစ်၊ ဧပြီလ

**နာယကကြီးများ**

ဦးစိုးဝင်း (ပြည်ထောင်စုဝန်ကြီး)
သာသနာရေးဝန်ကြီးဌာန

ဦးခိုင်အောင် (အမြဲတမ်းအတွင်းဝန်)
တာဝန်ခံညွှန်ကြားရေးမှူးချုပ်၊
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

**စာတည်းချုပ်**

စိုးမင်းထွန်း

**တာဝန်ခံစာတည်း**

တက္ကသိုလ် သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

**ပရု(ဖ်)အယ်ဒီတာ**

ဦးကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

**ထုတ်ဝေသူ**

ဦးစိုးမင်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
မှတ်ပုံတင်အမှတ် - ၀၁၃၆၇

## မာတိကာ

၄ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ဆရာတော်
ဘုရားကြီး၏ သြဝါဒကထာ

၅ မျက်နှာဖုံးပုံရိပ်
"တန်ခူးလနှစ်သစ်မင်္ဂလာ အခါတော်နေ့"

၇ စာတည်းအာဘော်
"ကျေးလက်ရွာထိပ်ဘုန်းကြီးကျောင်းများ ဗုဒ္ဓဘာသာ
သင်တို့အတွက် အကျိုးပြုကျောင်းများဖြစ်ရေး"

၉ ထေ/သြဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တကုမာရ၏
သြဝါဒကထာ

၁၄ မာနဘီလူး နှင်းဦး (မင်းဘူး)

၁၅ မြတ်မုပြတ်သို့ ကိုညက်ရှိန် (နတ်မောက်)

၁၆ မြတ်နိဗ္ဗာန်သို့ မိုးပြို (မင်းပြား)

၁၇ မိလိန္ဒပဉှာ

www.dhammaransi.com


၁၉ ခင်ပွန်းကြီးဆယ်ပါး အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

၂၂ သစ္စာပြုခြင်းအကျိုး
နိုင်ကြည်မြင့် (သာသနဓဇ ဓမ္မာစရိယ)

၂၅ နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ ရဲဝင်း - သထပ (ခန္တီး)

၃၀ ကျောင်းထားပေးပါ ဒေါ်သန်းနွဲ့ (ပညာရေး)

၃၃ ဘာသာတရားနှင့်ယဉ်ကျေးလိမ္မာ
ဒေါက်တာအရှင်လာဘသာမိ

၄၀ သင့်သီလစင်ကြယ်ရဲ့လား
မောင်မောင် - လည်ပေါက်ရွာ


၄၂ ခွေးဘဝအားကျသူ
ဇာတ်လမ်း - တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ - ဘီအေ)
ပန်းချီ - တင်ထွန်းထွန်း

၅၀ နေရာဒေသအနှံ့သို့ ဓမ္မလရောင်ဖြာပါစေ
မုံရွာ - နေဇာ

၅၃ ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ ဖူးပွင့်ဝေ

၅၆ မြန်မာနိုင်ငံရိုးရာ ပါဠိစာပေသင်ကြားရေး
ဦးအောင်သိန်းညွန့်
Traditional Pali Studies in Myanmar
**Trans: by U Aung Thein Nyunt**

၆၀ ပြည်တွင်းသာသနာရေးသတင်းမှတ်တမ်း လမင်း


**သာထွန်းပြန့် ဓမ္မစာစောင် ရုံးအဖွဲ့**


ဒေါ်စိုးမိုးသူ (ဦးစီးအရာရှိ)
ဒေါ်ဝင်းမာ (ဦးစီးမှူး)
ဒေါ်ဝင်းကြည်
ဇေယျာလှိုင်မင်း (သထပ - ကွန်ပျူတာ)

**ပုံနှိပ်သူ**

ဦးသန့်စင်ထွန်း (မြ - ၀၁၁၀၄)
ရွှေပြည့်စုံ ပုံနှိပ်တိုက်
အမှတ် (၃၄)၊ ၁၅၇ လမ်း၊ တာမွေ။

www.dhammaransi.com





# ပါမောက္ခချုပ် ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ ၏ ဩဝါဒကထာ

- သဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်ဟာ (၁)တရားနာချင်တယ်၊ (၂)သူတော်ကောင်းကို ဆည်းကပ် ဖူးမြင်ချင်တယ်၊ (၃)လှူချင် တန်းချင်တယ်။
- ဒါ...... သဒ္ဓါရှိတဲ့ ပုဂ္ဂိုလ်ရဲ့အမှတ်အသားလက္ခဏာ သုံးချက်ပဲ။
- တရားနာချင်တာလည်း သဒ္ဓါကြောင့်၊ သူတော်သူမြတ်ကို ဆည်းကပ် ဖူးမြင်ချင်တာလည်း သဒ္ဓါကြောင့်၊ လှူချင်တန်းချင်တာ တစ်ခုတည်းကို သဒ္ဓါလို့ ခေါ်တာ မဟုတ်ဘူး။
- လောကမှာ အောင်မြင်ကြီးပွား စည်းစိမ်ဥစ္စာတွေ ရရှိမှုရဲ့ အခြေခံ အကျဆုံး အကြောင်းတရားသည် သဒ္ဓါသာ ဖြစ်ပါတယ်....။

www.dhammaransi.com

# တန်ခူးလနှစ်သစ်မင်္ဂလာအခါတော်နေ့

တန်ခူးလသည် မြန်မာ့ ၁၂ လရာသီတွင် ပထမဆုံးလ ဖြစ်သည်။ တန်ခူးလတွင် နှစ်သစ်မင်္ဂလာအခါတော်နေ့ကို မြန်မာနှစ်ဆန်း(၁)ရက်နေ့တွင် ကျင်းပလေ့ရှိပါသည်။ မြန်မာနှစ်ဆန်း(၁)ရက်နေ့ကို မင်္ဂလာအခါတော်နေ့အဖြစ် ကျင်းပရခြင်းမှာ-

၁။ ကမ္ဘာသူကမ္ဘာသားများ အနိဋ္ဌာရုံတွေ ပပျောက်ပြီး၊ ဣဋ္ဌာရုံအပေါင်းနှင့်ပြည့်စုံကြစေရန်၊

၂။ ဘေးဥပဒ်အန္တရာယ်ကင်းဝေးကြစေရန်၊

၃။ မကောင်းသောစိတ်ဓါတ်များကို ဖယ်ရှားပြီး ကောင်းသောစိတ်ဓါတ်များကို မွေးမြူကြစေရန်၊

၄။ အရှက်နှင့်အကြောက်လောကပါလ တရားနှစ်ပါးထွန်းကားကြစေရန်၊

၅။ ဗြဟ္မဝိဟာရတရားလေးပါးထွန်းကားပြန့်ပွားစေရန်၊

၆။ မင်္ဂလာတရားတော်များ ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်ပြီး ကျင်းပရခြင်းဖြစ်ပါသည်။

ဂေါတမမြတ်စွာဘုရား မပွင့်သေးမီအချိန်တုန်းက ထိုခေတ်လူသားများသည် အနှစ်သာရရှိသော အဖိုးတန်တရားစကားမျိုးကို ကြားနာခွင့်မကြုံခဲ့ဘူးပါ။ မင်္ဂလာဆိုတာဘာလဲဆိုသော ပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးပါတယ်။

မင်္ဂလာကို ဒိဋ္ဌသမားတွေက အမြင်ကောင်းအာရုံငြင်းခုန်ကြပါတယ်။ သုတသမားတွေက အကြားကောင်းအာရုံလို့ ငြင်းခုန်ကြပါတယ်။ မုတသမားတွေက အနံ့ကောင်းအရသာကောင်းအာရုံလို့ ငြင်းခုန်ကြပါတယ်။ အဲဒီလို မိမိတို့ထင်ရာမြင်ရာငြင်းခုံလာတာ(၁၂)နှစ်ကြာသွားပါတယ်။ အဖြေမှန်ကို ဖော်ထုတ်ပြောဆိုနိုင်သူမပေါ်ခဲ့ပါဘူး။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာကမှ မင်္ဂလာရဲ့အဓိပ္ပါယ်ကို မဖွင့်ဆိုနိုင်ခဲ့ကြပါဘူး။ ဂေါတမမြတ်စွာဘုရား

www.dhammaransi.com



ပွင့်တော်မူလာမှ ဤပြဿနာငြိမ်းအေးသွားပါတယ်။ မင်္ဂလာရဲ့အဓိပ္ပါယ်ကို သိခွင့်ရခဲ့ကြပါသည်။

မြန်မာတို့၏ နှစ်သစ်ကူးမင်္ဂလာသည် နှစ်ဟောင်းက ပြုလုပ်ခဲ့မိသော ကာယကံ၊ ဝစီကံ၊ မနောကံအညစ်အကြေးများကို နှစ်သစ်တွင် မပါသွားအောင် နှစ်သစ်မှာစင်ကြယ်သော လူသားတစ်ယောက်အနေဖြင့် မိမိအတွက်ကောင်းကျိုး၊ လောကအတွက်ကောင်းကျိုးများ ပြုလုပ်နိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် နှစ်ဟောင်းမှ အညစ်အကြေးများကို သန့်စင်အေးမြသော မေတ္တာရေဖြင့် ဆေးကြောသုတ်သင်ဟူသော ရည်ရွယ်ချက်ထားရှိသော နှစ်သစ်ကူး မင်္ဂလာဖြစ်ပါသည်။

အေးမြသန့်စင်သော သင်္ကြန်ရေသည် မွန်မြတ်သော ရည်ရွယ်ချက်ရှိထား၍ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေခြံရံသော သူတစ်ပါးကို နစ်နာသွားအောင် ထိခိုက်သွားအောင် ဟူသောရည်ရွယ်ချက်ဖြင့် မေတ္တာရေကို မပက်ဖြန်းရပါ။

မြန်မာသင်္ကြန်သည် ပျော်ပွဲ၊ ရွှင်ပွဲ၊ မူးယစ်သောက်စားပျော်စရာပွဲမဟုတ်ပါ။ သီတင်းသီလဆောက်တည်ခြင်း၊ ဘေးမဲ့လွှတ်ခြင်း၊ သက်ကြီးဝါကြီးများ၊ မိဘဆရာသမားများကို ရေချိုးသန့်စင်ပေးခြင်း၊ အမွေးနံ့သာတို့လိမ်းကျံပေးခြင်းစသည်ဖြင့် ကောင်းမှုအဝဝကို ပြုလုပ်ရသော သင်္ကြန်မင်္ဂလာပွဲဖြစ်ပါသည်။

ဤမွန်မြတ်သော သင်္ကြန်မင်္ဂလာပွဲကို မြန်မာအမျိုးသား၊ အမျိုးသမီးတို့သည် မြန်မာ့ယဉ်ကျေးမှုထုံးစံနှင့်အညီ ကျင်းပပြုလုပ်ဆင်နွှဲနိုင်ရန် သင်္ကြန်မင်္ဂလာအခါတော်နေ့အဖြစ် မျက်နှာဖုံးပုံရိပ်အဖြစ်ဖော်ပြလိုက်ရပါသည်။

www.dhammaransi.com

# ကျေးလက်ရွာထိပ်ဘုန်းကြီးကျောင်းများ ပုဒ္ဓဘာသာဝင်တို့အတွက် အတျိုးပြု ကျောင်းများဖြစ်ရေး

မြန်မာနိုင်ငံတော်၏ ပညာရေးစနစ်သည် လွတ်လပ်ရေးမဆုံးရှုံးမီကာလအထိ ဘုန်းတော်ကြီးကျောင်းပညာရေးသာဖြစ်ခဲ့သည်။ ထိုခေတ်ထိုအခါက ဘုန်းတော်ကြီးကျောင်းများသည် ထိုခေတ် ထိုအခါ၌ ထွန်းကားခဲ့သော လောကီအတတ်ပညာ၊ အသိပညာ၊ လောကုတ္တရာ အတတ်ပညာ၊ အသိပညာယဉ်ကျေးမှုတို့ကို သင်ပေးခဲ့၍ လောကီ လောကုတ် အတတ်ပညာ ရှာမှီးရာတက္ကသိုလ်ကြီးများဖြစ်ခဲ့သည်။ တိုင်းပြည်ကို စီမံအုပ်ချုပ်ခဲ့ကြသော မင်းမှူးမတ် အသိပညာရှင်၊ အတတ်ပညာများသည်လည်းကောင်း အုပ်ချုပ်ခံပြည်သူတို့သည်လည်းကောင်း ထိုဘုန်းကြီးကျောင်းထွက်များဖြစ်ပြီး နိုင်ငံကငယ်သော်လည်း ကြီးကျယ်လှူဦးရေများသော တရုတ်၊ အိန္ဒိယနိုင်ငံကြီးနှစ်ခုအလယ်တွင် တလူးလူးတလွင့်လွင့် ဝင့်ကြွားတင့်တယ်စွာ ရပ်တည်နေနိုင်သည်။

ယဉ်ကျေးသိမ်မွေ့သောလူသားများ မေတ္တာကရုဏာ ရက်ရောသော လူသားများ ရာခိုင်နှုန်း (၉၀)စာတတ်သော လူသားများအဖြစ် ကမ္ဘာက လေးစားအသိအမှတ်ပြုခံရသည့်အထိ ယဉ်ကျေးမှု၊ စိတ်ဓာတ်၊ သတ္တိဗျတ္တိ ပြည့်စုံသောလူမျိုး ကမ္ဘာ့အလယ်မှာ တင့်တယ်ဝင့်ကြွား ထယ်ဝါဂုဏ်မြင့်ခဲ့ရသည်။

ဤသည်တို့မှာ ဘုန်းတော်ကြီးပညာရေးကျောင်းများ၏ လောကုတ်လောကီဘက်စုံသင်ပေးသော အကျိုးကျေးဇူးတရားများပင်ဖြစ်ပါသည်။ ဤသို့ပစ္စုပ္ပန်ဘဝ လျှောက်လှမ်းနိုင်မှု အတတ်ပညာ အသိပညာ သံသရာလွတ်မြောက်ရေးအထိ တတ်သိနားလည်နိုင်သော အသိပညာ အတတ်ပညာ (ကျင့်နည်း)တို့ကို မြန်မာဘုရင်များလက်ထက် ဘုန်းတော်ကြီးကျောင်းများမှ ဘုန်းတော်ကြီးတို့က သင်ပေးခဲ့၍ ဖြစ်ပါသည်။

သို့ရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးပြီးနောက် လောကဓာတ်ပညာဟု ခေါ်ဆိုသော အနောက်တိုင်းပညာများသင်ယူမှုကို နယ်ချဲ့အစိုးရတို့က တဟုန်ထိုး ထိုးသွင်းလာသောအခါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပညာရေးမှာ တစ်စတစ်စ မှေးမှိန်ခဲ့ရသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ၁၉၅၂-ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဘဝသစ်ပညာရေးစီမံကိန်း ဖြင့် ဘုန်းတော်ကြီးသင်ပညာရေးလုပ်ငန်းကို ကဏ္ဍတစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သော်

www.dhammaransi.com



လည်း ဘုန်းတော်ကြီးများ၏ အမြင်မကျယ်မှုကြောင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့သဖြင့် ရည်မှန်းချက်မအောင်မြင်ဘဲ ပျောက်ကွယ်ခဲ့ရပြန်ပါသည်။

တစ်ဖန် ၁၉၆၃ ခုနှစ်တွင် တော်လှန်ရေးအစိုးရလက်ထက်တွင် ဘုန်းတော်ကြီးသင်ပညာရေးစံနစ်ကို ပိုမိုထိရောက်အောင်မြင်အောင် ဘုန်းတော်ကြီးသင်ပညာရေးဌာနစိတ် ညွှန်ကြားရေးမှူးတစ်ဦးနှင့် မြို့နယ်ဘ/က ပညာရေးမှူး (ယခင်လူထုပညာရေးမှူး)တို့ကို ခန့်အပ်ကာ အကောင်အထည်ဖော်ခဲ့သည်။

ထိုအချိန်တွင် ဘုန်းကြီးအတော်များများက စိတ်ဝင်စားလာပြီး ဆောင်ရွက်လာခဲ့သော်လည်း ၁၉၇၄ ခု နိုင်ငံဖွဲ့စည်းပုံဥပဒေအသစ် ပေါ်လာသောအခါ ပညာရေးမူဝါဒသည် တစ်ပြေးတစ်ပုံစံတည်းဖြစ်ရမည်ဟူသော စည်းမျဉ်းဥပဒေအရ ဘုန်းတော်ကြီးသင်ပညာရေးမှာ မှေးမှိန်ကွယ်ပ, ခဲ့ရပြန်ပါသည်။

၁၉၉၃-ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေး အစိုးရလက်ထက်၌ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ ပြန်လည်အသက်သွင်းခဲ့ပြီး ထိုကျောင်းများကို သာသနာရေးဝန်ကြီးဌာန၊ အသစ်ဖွဲ့စည်းတည်ထောင်ခဲ့သော သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့သလို ထိုဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ ဘုန်းကြီးဆရာများရရှိရေးအတွက် တိုင်းနှင့်ပြည်နယ်အလိုက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းများ (အစိုးရဆရာအတတ်သင်ကျောင်း ယခုဆရာအတတ်သင်ကောလိပ်ကဲ့သို့) တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး ဆရာများ၊ ရဟန်းများ မွေးထုတ်ပေးခဲ့သည်။

သို့သော် ထိုသင်တန်းဆင်းရဟန်းတော်များသည် ကျေးလက်ဒေသရှိ ကလေးသူငယ်များကို သတ်မှတ်ရည်ရွယ်ထားသည့်အတိုင်း မဆောင်ရွက်မလုပ်ကိုင်နိုင်ခဲ့ကြသဖြင့် ထိုသင်တန်းကျောင်းသည်လည်း မကွယ်ပျောက်သေးသော်လည်း မှေးမှိန်နေရသည်။

ယခုထိုသင်တန်းကျောင်းများ အသက်ဝင်ရေး ကျေးလက်ဒေသ ကျောင်းသားကိုရင်ဆိုသော သာသနာမျိုးဆက်သစ်များ ပေါ်ထွန်းရေးအတွက် ဤစီမံချက်ကို ဆက်လက်ဆောင်ရွက်နေရာ နိုင်ငံတော်၌ တာဝန်ရှိနေကြသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အပါအဝင် တိုင်းခရိုင်သံဃာအဖွဲ့အစည်းများသည် နိုင်ငံတော်အာဏာပိုင်များနှင့်ပူးပေါင်းကာ အမျိုးဘာသာ သာသနာရေသောက်မြစ် မပျက်စီးရေးအတွက် သတိထားပြီး ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

www.dhammaransi.com

## ၁၃၇၇-ခု၊ နတ်တော်လပြည့်ကျော်(၁)ရက်၊ ၂၀၁၅-ခုနှစ်၊ ဒီဇင်ဘာလ ၂၇-ရက်၊ တနင်္ဂနွေနေ့ နေ့လည်(၂)နာရီ အချိန်တွင် နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသဘင် ခန်းမတွင် ထေရဝါဒ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုမာရမိန့်ကြားသော ဩဝါဒကထာ

မ ၄ ပါး-ဖော်ကို ဖြုတ်

ပထမ မ-က မစ္ဆရိယတဲ့။ န·ပ·သ ပါမောက္ခချုပ် ချပေးတဲ့ အထဲမှာလည်း ပါပါတယ်။ အထင်သေးခြင်း၊ မနာလိုခြင်း၊ ဝန်တိုခြင်းဆိုတာ မစ္ဆရိယတွေပါ။ မြင့်မြတ်သူတွေ၊ စိတ်သဘောထားကြီးသူတွေမှာ မစ္ဆရိယ မထားကြောင်း သတိပြုပါ။ တပည့်တော်တို့မှာ သာသနပြုက ၂-ဖွဲ့ဖြစ်နေတယ်။ န·ပ·သ သာသနာပြုနဲ့ သ·ထ·ပ သာသနာပြု။ အဲဒီနှစ်ဖွဲ့ကလည်း ရောက်တဲ့နေရာတိုင်းမှာ သိပ်ပြီးတော့ မပြေလည်ကြဘူး။ နားလည်မှု မရှိကြဘူး။ မနာလိုဝန်တိုပြိုင်ဆိုင်လိုကြတယ်။ တစ်ချိန်တုန်းက တပည့်တော်လည်း ပြောဘူးပါတယ်။ ပြိုင်ဆိုင်လိုလျှင် ပဋ္ဌာန်း ငါးပစ္စည်းနဲ့ ပြိုင်ပါ။ အညမညနဲ့ပြိုင်ပါ။ သဟဇာတနဲ့ပြိုင်ပါ။ နိဿယနဲ့ ပြိုင်ပါ။ အတ္ထိနဲ့ပြိုင်ပါ။ အဝိဂတနဲ့ပြိုင်ပါ။ ပဋ္ဌာန်း ငါးပစ္စည်းနဲ့ပြိုင်ကြပါ။ ပဋ္ဌာန်းကို အမိပွါယ် အကျယ်တော့ မပြောတော့ဘူး။ ဆရာကြီး ပီမိုးနင်းလည်း ပြောခဲ့ဘူးတယ်။ မင်းတို့ပြိုင်ချင်လျှင် မြန်မာလူမျိုးချင်း မပြိုင်နဲ့တဲ့။ အင်္ဂလိပ်၊ အမေရိကန်ကို ပြိုင်တဲ့။ အင်္ဂလိပ်၊ အမေရိကန်ကို နိုင်ရင် မြန်မာကို ပြိုင်စရာ မလိုဘူးပဲ့။ ပီမိုးနင်းပြောတဲ့စကားလို ပြိုင်ချင်ပြိုင် ဒါမှမဟုတ် ပဋ္ဌာန်းပစ္စည်းနဲ့ပြိုင်။ အညမည၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ အဲဒီ ငါးပစ္စည်းနဲ့ တစ်ဦးနဲ့တစ်ဦး အချင်းချင်းပြိုင်ပါ။ အဲဒီ ငါးပစ္စည်းနဲ့ မပြိုင်ပဲ အခြားနည်းနဲ့ပြိုင်လျှင်တော့ မစ္ဆရိယ-ဝန်တိုလာမယ်။ ဟိုက ကိုယ်တော်က ဒီကရောက်တဲ့ကိုယ်တော်ကို မနာလို။ ဒီက ရောက်တဲ့ကိုယ်တော်က ဟိုက ကိုယ်တော်ကို မကြိုက်တော့ ရန်လုပ်ပြဿနာရှာ ဖြစ်ကုန်ရော။ အဲ့ဒါမျိုးတွေ များလာရင် သာသနာပြုတာ ဘယ်လိုဖြစ်မှာလဲ။ အဲဒါကြောင့် မစ္ဆရိယစိတ်ကို ရှောင်ရမယ်။

နောက်တစ်ခုက မဇ္ဇပါန သေရည်၊ သေရက်၊ မူးယစ်ဆေးဝါးကို ပြောတာ။ မူးယစ်ဆေးဝါးကို မသုံးစွဲရုံတင် မဟုတ်ဘူး။ ကယ်ရီ(Carry)လည်း မလုပ်ရဘူး။ အရှင်ဘုရားတို့

www.dhammaransi.com



အသုံးတော်ခံ မဖြစ်ပါစေနဲ့။ ဆိုင်ကယ်လှူထားတဲ့သူက လှူတော့ အရှင်ဘုရားတို့ရဲ့ သာသနာပြု ဆိုင်ကယ်ကို ဘယ်မှာမှ အတားအဆီး၊ အဖမ်းအဆီး မရှိတော့ဘူး။ အဖမ်းအဆီးမရှိတော့ မူးယစ်ဆေးဝါး သယ်ဆောင်တယ်။ တပည့်တော်ဖွင့်ပြောဖို့ မကောင်းတတ်လို့။ အဲဒါကြောင့် မဇ္ဈပါနဆိုတာ သောက်ရုံသုံးစွဲမှု မပြုရုံမဟုတ်ဘူး။ ကယ်ရီ(Carry)ပါ မလုပ်ပါနဲ့။ လုပ်ရင်တော့ တပည့်တော်တို့က ဖြုတ်ရုံပဲ ကျန်တာတော့ သက်ဆိုင်ရာက အရေးယူမှာပဲ။ အဲဒါကြောင့် မဇ္ဈပါန မလုပ်ပါနဲ့။

နောက်တစ်ခုက မာန။ ဒီကိုယ်တော်လေးတွေက ဘာဘွဲ့မှ မရဘူး။ ငါတို့က နိုင်ငံတော် ပရိယတ္တိ သာသနာတက္ကသိုလ်ကြီးက လာတာ။ အဲဒီမာနက နေရာတော်တော်များများမှာ ပြဿနာရှိတယ်။ ဒါကြောင့် မာနကင်းနိုင်သမျှ မာနကင်းပါစေ။ ဒီလို မာနနဲ့ ကိုယ်တော် လေးတွေကို နှိမ့်ချပြောဆိုတော့ ဒကာ/ဒကာမတွေက နားယောင်ပြီး နဂိုကိုယ်တော်လေးတွေကို အထင်သေးလာတယ်။ ကိုယ်တော်တို့က ၂-နှစ်ပြည့် ပြန်လာတော့ ဟိုက ကိုယ်တော်မှာ နေမဖြစ် အောင် ဖြစ်လာတယ်။ ဒါကြောင့် ကိုယ်ရောက်တဲ့နေရာမှာ ကိုယ့်အတွက် ပြဿနာ တစုံတရာ မရှိအောင် မဖြစ်အောင် နေတတ်ပါစေ။ မာနကင်းနိုင်သမျှကင်း၊ ရှင်းနိုင်သမျှ ရှင်းအောင် နေပါ။

နောက်တစ်ခုက မာတုဂါမ အရေးကြီးပါတယ်။ ရှေးရှေးတုန်းက ကိုယ်တော်တွေ တောင်တန်းဒေသကို ကြွမယ်ဆိုရင် အဲဒီက မိန်းကလေးတွေကို ဒီကိုယ်တော်တွေဟာ မကောင်းဆိုးဝါးကောင်တွေလို့ သင်ထားတယ်။ မြင်တွေ့လျှင် နိမိတ်မကောင်းဘူး။ ဒဏ်ခတ် ခံရမယ်လို့ သိထားတယ်။ ဒါကြောင့် အရှင်ဘုရားတို့ကို တွေ့တာနဲ့ မျက်လုံးတွေကို ပိတ်ပစ် လိုက်တယ် ပြီးတော့ ကျောခိုင်းပစ်လိုက်တယ်။ အရှင်ဘုရားတို့ ကျော်သွားမှ ပြန်လှည့်ပြီး မျက်လုံးဖွင့်ဆက်သွားတယ်။ ရွာထဲဆို အဝင်မခံဘူး။ ရွာတံခါးပိတ်ထားတယ်။ ရွာထဲရောက်ရင် အိမ်တံခါးပိတ်တယ်။ ပိတ်ရုံတင်မဟုတ်ဘူး ခဲနဲ့ပစ်တယ်။ လေးခွနဲ့ပစ်တယ်။ တုတ်နဲ့ပစ်တယ်။ ခွေးနဲ့ရှူးတိုက်တယ်။ တပည့်တော်တို့က လူသာသနာပြုနဲ့ တွဲဖက်ပြီး နေရာချပေးတယ်။ အဲဒါတောင် မရဘူး။ အဲဒါနဲ့ စစ်တပ်နဲ့တွဲဖက်ပြီး ချတယ်။ ကိုယ်တော်လေးတွေ သွားမယ်

www.dhammaransi.com



ဆိုရင် လုံခြုံရေးအစောင့်အရှောက်ပေးရတယ်။ အဲဒီလောက်အထိ အခြေအနေမကောင်းခဲ့ဘူး။

အရှင်ဘုရားတို့လက်ထက်ကျတော့ သူတို့က သာသနာဖျက်နည်းကို အရင်လိုမဖျက်တော့ဘူး ပြောင်းသွားတယ်။ မကောင်းဆိုးဝါးလို့ မမြင်တော့ဘူး။ အကောင်းစားလို့ပဲ ထင်သွားတယ်။ နယ်စပ်နဲ့တောင်တန်းဒေသတွေကို သာသနာပြုသွားလို့ ဒီကလိုက်ပို့တဲ့ ကိုယ်တော်တွေ ပြန်လာတဲ့အခါ အရှင်ဘုရားတို့ တစ်ပါးတည်းကျန်တော့ မိန်းကလေးတွေ လွှတ်လိုက်တယ်။ သာသနာပြုတဲ့အခါ ကိုယ်က ပြုမလား?၊ သူက ပြုမလား? အရှင်ဘုရားတို့ လုရမှာပဲ။ လွန်ဆွဲရမှာပဲ။ ကိုယ်ဖက်ပါအောင် မဆွဲနိုင်ပဲ သူ့ဖက်ပါလို့ကတော့ တပည့်တော်တို့ ရှုံးပြီ။ သူတို့လာလို့ အရှင်ဘုရားတို့က မလာနဲ့ နင်ထုတ်လည်း နောက်နေ့လာတာပဲ။ နောက်တော့ နင်တို့ကို သနားလို့ နင်တို့ မြို့ပေါ်မှာ နေရရင် အပေါင်းအသင်း သူငယ်ချင်းတွေနဲ့ အခုတော့ တစ်ပါးတည်း တောထဲမှာနေတော့ အဖော်လာလုပ်ပေးတာ။ ဒီက သြဝါဒအရှိန်ကလေးက ပါသွားတော့ ငြင်းဆန်နေသေးတယ်။ ၄-၅ ရက်ကြာ ပျင်းလာတော့ သူပြောတာ ဟုတ်တယ် ဖြစ်ရော။ ဒီလိုနဲ့ အဖော်လုပ်တော့တာပဲ။ ဘာလုပ်လဲဆိုတော့ ပန်းလဲ၊ ရေလဲ၊ ဆွမ်းချက်။ အဲဒါနဲ့ ရင်းနှီးသွားရော။ အဲဒီက နောက်တဆင့်တက်ချင်လာတော့ မိုးချုပ်အောင်နေတယ်။ ညဖက်နင်မအိပ်ရဲရင် ငါအဖော်လုပ်အိပ်မယ် ဖြစ်လာတယ်။ အတင်းပြန်ဆိုတော့ မိုးချုပ်တယ် မပြန်ရဲဘူးလိုက်ပို့ပြောတော့ ကိုယ်တော်က လိုက်ပို့တယ်။ တစ်ရက်လိုက်ပို့တယ်။ နှစ်ရက်လိုက်ပို့။ အဲဒီလိုနဲ့ တစ်ပါတ်လောက်လည်း ကြာရော တိုင်စာရောက်လာရော ဒီကိုယ်တော်နဲ့ မိန်းကလေး ညကြီးအချိန်မတော် ဘယ်သွားလို့ ဘယ်အိပ်လဲ မသိဘူး။ ဒါနဲ့ မေးကြည့်တော့လည်း ဟုတ်နေတာပဲ။ အဲ့ဒါနဲ့ သာသနာပြုကိုယ်တော်လေးကို ဖြုတ်ပစ်ရရော။ ဒါကိုလည်း သိထားရမယ်။ မာတုဂါမတွေကို လုံးဝကို အကပ်မခံနဲ့။ ဒါကြောင့် မာနပြီးရင် မာတုဂါမ ဆိုတာ သိပါစေ။

နောက်တစ်ခုက မုသာဝါဒ။ မနေ့က ဘွဲ့ပေးတော့ သစ္စာဆိုကြတယ်။ အရှင်ဘုရားတို့ အမှန်က ဒီနေ့မှ သစ္စာဆိုရမှာ။ "တပည့်တော်တို့သည် ပို့တဲ့နေရာကို သွားပါမည်။ ထားတဲ့ နေရာမှာ နေပါမည်။ ပေးတဲ့တာဝန်ကို ယူပါမည်။ ပေးတဲ့တာဝန်ကို ကျေပွန်အောင်

www.dhammaransi.com



ဆောင်ရွက်ပါမည်။ ဤသည်ကား မှန်ကန်သော သစ္စာစကားဖြစ်ပါသည်။ ဤသစ္စာဖောက်က သစ္စာစူးပါစေသား'' ကျိန်ရဲပါ့မလား။ ဘွဲ့ရပြီးလို့ ကျိန်တာ အကြောင်းမဟုတ်ဘူး။ ဒီလိုနေ့မှာ ကျိန်ဖို့ကောင်းတာ။ မကျိန်ချင်ရင်နေပါ။ မလိမ်ပါနဲ့။ ကိုယ်သွားရမယ်ဆိုတဲ့ နေရာကို သွားကို သွားပါ။ နေဆိုတဲ့ နေရာကို နေဖြစ်အောင်နေပါ။ ၂-နှစ်လောက် စွန့်စွန့်စားစားလုပ်ကိုင်ကြည့် လိုက်ကြပါ။ ဒါကြောင့်မို့ တပည့်တော်တို့ (၁) မစ္ဆရိယ (၂) မဒ္ဒပါန (၃) မာန (၄) မာတုဂါမ (၅) မုသာဝါဒ အဲဒီ (၅)ခုကို ပြုတ်အောင် ဖြုတ်ကြပါလို့ တပည့်တော်မှာကြား ပါတယ်။

## ထ သုံး-ထနဲ့ အလုပ်လုပ်

သာသနာပြုလွှတ်တဲ့အခါမှာ တချို့ကသာ သွားပြီး တချို့က မသွားဘူး။ သာသနာ ရေးမှူးဆီက အစီရင်ခံစာတက်လာ၊ ဗဟိုဆရာတော်ဆီက အစီရင်ခံစာတက်လာတယ်။ သာသနာပြု ကိုယ်တော် အခုထိ ရောက်မလာသေးဘူး။ တစ်လကြာပြီ၊ နှစ်လကြာပြီလို့ အဲဒီလို တိုင်စာတွေ ခဏခဏရောက်လာတယ်။

ဒါကြောင့် မြတ်စွာဘုရားက ''အာရဗ္ဘထ၊ နိက္ခမထ၊ ယုဥ္ဇထ ဗုဒ္ဓသာသနေ''တဲ့၊ ဗုဒ္ဓသာသနေ= မြတ်စွာဘုရား၏ သာသနာတော်၌။ တုမှေ=သင်တို့ သာသနာပြုသွားကြမယ့် သာသနာပြုတက္ကသိုလ်ကျောင်းဆင်း သံဃာတော်အရှင်သူမြတ်တို့သည်။ အာရ ဗ္ဘထ=အတွေး ချောင်၊ ဘေးရှောင်လို့ မနေပဲနဲ့ မိမိတို့ သွားမယ်ဆိုတဲ့အလုပ်ကို မှန်မှန်ကန်ကန်၊ မြန်မြန် ဆန်ဆန်၊ သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်၊ ချက်ချက်ခြာခြာ လုပ်ကြပါ။ နိက္ခမထ=အဲဒီလို အလုပ်လုပ်လို့ ရှိရင် အခက်အခဲ၊ အကြပ်အတည်းဆိုတာတွေ တွေ့မယ်။ ပြဿနာဆိုတာတွေ တွေ့မယ်။ အဖုအထစ်၊ မပြေပြစ်တာတွေ တွေ့မယ်။ အဲ့ဒီလိုတွေ့ရင် စိတ်မညစ်ပါနဲ့။ နောက်မတွန့်ပါနဲ့။ မကြောက်ရွံ့ပါနဲ့တဲ့။ ဖွဲကောင်း၊ သတ္တိကောင်း၊ အကြံ ကောင်း၊ ဉာဏ်ကောင်းပေါင်းစပ်ပြီး ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား အလုပ်လုပ်ကြပါ။

နောက်တစ်ခုက 'ယုဥ္ဇထ'တဲ့။ ယုဥ္ဇထဆိုတာ တို့အဖွဲ့အစည်းကလည်း ညီညွတ်လာတယ်။ တောင့်တင်းလာတယ်။ ငွေကြေးကလည်း ပြည့်စုံလာတယ်။ လုပ်ငန်းတွေကလည်း အောင်မြင်

www.dhammaransi.com



လာတယ်။ အသက်အရွယ်တွေကလည်း ကြီးလာတယ်။ ပင်လည်း ပင်ပန်းလာတယ်။ အဲဒီအခါမှာ 'တို့တတွေအနားယူကြဦးစို့ကွာ၊ အပန်းဖြေကြဦးစို့ကွာ'၊ ဘုရားက အဲဒီလိုလည်း မနေနဲ့တဲ့။ ယုဋ္ဌထ-အကြားအလပ် နားမရပ်ဘဲ မပြတ်ကြိုးကုတ် ဒလစပ်ဆက်တိုက်လုပ်တဲ့။ အလုပ်ကို ဖြတ်မနားရဘူး။ အလုပ်ကိုရပ် မထားရဘူး။ အလုပ်ကို ဆက်တိုက်လုပ်ရမယ်တဲ့။ အဲ့ဒါမြတ်စွာဘုရားဟောတဲ့ ထ-သုံးထပဲ။ အဲဒါကို အကျဉ်းချုံးပြောမယ်ဆိုလို့ရှိရင် အလုပ်ကို အချိန်ဆွဲ၊ ဆိုင်းငံ့၊ ကြန့်ကြာမနေနဲ့။ မြန်မြန်ဆန်ဆန် ထက်ထက်မြက်မြက်လုပ်တဲ့။ အခက်အခဲ တွေ့လို့ရှိရင် နောက်မဆုတ်နဲ့။ အားသစ် ဉာဏ်သစ်နဲ့ကောင်းသထက်ကောင်းအောင် လုပ်တဲ့။ နောက်တစ်ခုက ပြည့်စုံလာပြီ၊ ပင်ပန်းလာပြီဆိုပြီးတော့လည်း အားရတင်းတိမ်၊ ငြိမ်မနေနဲ့။ အားမနေနဲ့။ နားမနေနဲ့။ မပြတ်မလပ် ဒလစပ်လုပ်တဲ့။ အဲ့ဒါ မြတ်စွာဘုရား မိန့်ကြားဘာတွေ မမှန်ဘူးလား။ မြတ်စွာဘုရားဟောကြားတဲ့ ထ-သုံးထ ဆိုတာ အာရမ္ဘထ၊ နိက္ကမထ၊ ယုဋ္ဌထ တို့ပါပဲ။

တပည့်တော် မိန့်ခွန်းကို ပြန်ချုံ့မယ်။


"တာ လေး-တာကို ကျော်
အိုင်(I)သုံး-အိုင်မှာ ပျော်
'မ' ငါး-ဖော်ကို ဖြုတ်
ထ သုံး-ထနဲ့ အလုပ်လုပ်"

အဲဒါဆို အရှင်ဘုရားတို့ အောင်မြင်တဲ့ သာသနာပြုသူရဲကောင်းတွေ ဖြစ်ပါလိမ့်မယ်။ တက္ကသိုလကျောင်းဆင်း ကျောင်းတော်သားကြီးတွေအဖြစ် ထိုက်ထိုက်တန်တန် ဘွဲ့တံဆိပ်တော်ကို လက်ခံယူနိုင်တဲ့ အရှင်ကောင်း အရှင်မြတ်တွေ ဖြစ်ပါလိမ့်မယ်။ ဖြစ်လာကြပါစေလို့ ဆုတောင်းရင်းနဲ့ တပည့်တော်ရဲ့ ဩဝါဒကို နိဂုံးချုပ်ပါတယ်ဘုရား။

သာဓု.....သာဓု.....သာဓု

www.dhammaransi.com

# မာနဘီလူး



သည်မာနက
ငါ့ကိုမြှောက်ပေး၊ သွေး နားထင် ရောက်
အောက်ခြေလွတ်အောင်
ထောင်လွှား မောက်မာ
တငါငါနှင့်
တစ်ခါ တစ်ခါ၊ ဝင်လာ ဒေါသ
ရိုင်းပျထန်ပြင်း၊ ပူလောင်ခြင်းဖြစ်
စိတ်ညစ်ဗျာပါ၊ ချမ်းသာဘွယ် ကင်း
ရှင်းပစ်ရမည့် ဉာဉ်ဆိုးတွေ။


ဟာကွာ.......
တကျော အလိုကျ
ထိုမာန၏
ရှိသည့် ပြစ်ချက်
သိပါလျက်လည်း
ပယ်ဖျက်မရ
အတ္တနှင့်လူ၊ တစ်ယူက သန်
ငါမာန်ခံချင်
ကိုယ့်ကိုအယ်ထင်ကြီး
ဘဝမြင့်သူ၊ ငါစွဲ ထူသမျှ
ထသည့် ပါးပျဉ်း
ပြင်းသည့် အဆိပ်၊ ငယ်ထိပ်ထိပြန့်
ထိတ်လန့်စဘွယ်
အစွယ်ပြူးပြူး
ဘီလူးဆိုင်းသွက်၊ ကြမ်းတမ်းရက်စက်
က.ကွက်တွေထဲ နွံကောင်းတုန်း။
နီဝါတရယ်၊ ဘယ်ဆီပုန်း။ ။

နှင်းဦး (မင်းဘူး)

www.dhammaransi.com



# မြတ်မှမြတ်သို့



မသေခင်ခဏ လူ့ဘဝ
အမြတ်ရအောင် လုပ်ရမည်။
အမြတ်လိုချင် ဒါနတွင်
ဖြူစင်အောင်လည်း ပေးလှူမည်။
အမြတ်လိုချင် သီလတွင်
ဖြူစင်အောင်လည်း စောင့်ထိန်းမည်။
အမြတ်လိုချင် ဘာဝနာတွင်
ဖြစ်ပျက်မြင်အောင် အားထုတ်မည်။
လောဘဒေါသ ဤမောဟ
သံသရာရှည်အောင် သူလုပ်သည်။
ဘဝပြတ်ချင် ဤသုံးပင်
အမြစ်စင်အောင် နှုတ်ရမည်။

ကိုဉာဏ်ရှိန် (နတ်မောက်)

www.dhammaransi.com




# မြတ်နိဗ္ဗာန်သို့

ဖြစ်ပေါ်လာငြား
လောဘများ
ဖယ်ရှားသုတ်သင်နိုင်ပါစေ.....။

ဖြစ်ပေါ်လာငြား
ဒေါသများ
ဖယ်ရှားသုတ်သင်နိုင်ပါစေ.....။

ဖြစ်ပေါ်လာငြား
မောဟများ
ဖယ်ရှားသုတ်သင်နိုင်ပါစေ....။

လောဘ ဒေါသ မောဟ ကိလေသာ
ပယ်ခွါသုတ်သင်
မြူမတင်
ဖြူစင်စိတ်ဓာတ်
နိဗ္ဗာန်မြတ်
မချွတ်လှမ်းတက်နိုင်ပါစေ....။



မိုးပြို့(မင်းပြား)

www.dhammaransi.com



# မိလိန္ဒပဉှာ

## မတိုင်ပင်အပ်သော အရပ်ရှစ်မျိုး

မိလိန္ဒမင်းသည် ဤကျင့်ဝတ်ရှစ်ပါးတို့ကို ခုနစ်ရက်တိုင်တိုင် ကျင့်သုံး၍ ရှစ်ရက်မြောက်သောနေ့၌ နံနက်ပွဲတော်စာကို စောစီးစွာ စားသောက်၏။ စားသောက်ခြင်း ကိစ္စများ ပြီးစီးသွားသောအခါ မျက်လွှာကိုချလျက်၊ ကိုယ်အမူအရာ တည်ငြိမ်စွာထားလျက်၊ ရွှင်လန်းတက်ကြွသော စိတ်နှလုံးဖြင့် အရှင်နာဂသေနထံသို့ ချဉ်းကပ်၍ အရှင်နာဂသေန၏ ခြေအစုံ၌ ဦးခိုက်ရှိခိုးပြီးလျှင် -

''အရှင်နာဂသေနဘုရား၊ အရှင်ဘုရားနှင့် ဆွေးနွေးရန်ကိစ္စရှိနေပါ၏။ ထိုသို့ဆွေးနွေးရာ၌ အရှင်ဘုရားနှင့်တပည့်တော်မှတစ်ပါး အခြားသူတစ်ယောက်မျှ မပါစေလိုပါ။ လူသူကင်းဆိတ်သော တောအရပ်၌ မေးလျှောက်လိုပါ၏''ဟု လျှောက်ထား၏။

အရှင်နာဂသေနကလည်း မိလိန္ဒမင်း၏ လျှောက်ထားချက်ကို လက်ခံကာ လူသူလေးပါးကင်းဆိတ်သော တောအရပ်သို့ လိုက်ပါလာခဲ့၏။ တောထဲသို့ ရောက်သောအခါ မိလိန္ဒမင်းက -

''အရှင်ဘုရား၊ ဤလောက၌ ဆွေးနွေးတိုင်ပင်လိုသော ယောကျ်ားသည် အရပ်ရှစ်မျိုးတို့ကို ရှောင်ရှားသင့်ပါ၏။ ထိုအရပ်ရှစ်မျိုးတို့ကား -

၁။ မညီညွတ်သောအရပ်၊

၂။ ဘေးအန္တရာယ် ရှိသောအရပ်၊

၃။ လေအလွန်ထန်သောအရပ်၊

၄။ နံရံစသည် အကာအကွယ် ရှိနေသောအရပ်၊

၅။ နတ်စင် နတ်ကွန်း၊

၆။ ခရီးလမ်းမ၊

၇။ စစ်မြေပြင်၊

၈။ ရေဆိပ်တို့ ဖြစ်ကြကုန်၏''

''မင်းမြတ်၊ ထိုအရပ်ရှစ်မျိုးတို့၌ မည်သို့သောအပြစ် ရှိပါသနည်း''

''အရှင်ဘုရား၊ မညီညွတ်သော အရပ်၌ ဆွေးနွေး တိုင်ပင်သော် ဆွေးနွေး တိုင်ပင်အပ်သော အမှုကိစ္စ၌ စိတ်မတည်ငြိမ်နိုင်ပါ။ ဘေး

www.dhammaransi.com



အန္တရာယ်ရှိရာ အရပ်၌ တိုင်ပင်လျှင် စိတ်တုန် လှုပ်ရပါ၏။ လေအလွန်ထန်သော အရပ်တွင် ကား ဆွေးနွေးတိုင်ပင်သောစကားကို ပီပီသသ ကြားနိုင်ရန် မလွယ်ကူပါ။ နံရံစသည့် အကာ ကွယ်ရှိသော အရပ်၌ တိုင်ပင်ဆွေးနွေးလျှင် သူတစ်ပါးတို့ ချောင်းမြောင်း၍ နားထောင် တတ်ကုန်၏။ နတ်စင်နတ်ကွန်းတို့၌ ဆွေးနွေး တိုင်ပင်လျှင် ရလိုသော အကျိုးကျေးဇူးကို ကြာမြင့်မှ ရတတ်၏။ ခရီးလမ်းမ၌ တိုင်ပင် ဆွေးနွေးလျှင် အချည်းနှီး ဖြစ်ရ၏။ စစ်မြေပြင် ၌ တိုင်ပင်ဆွေးနွေးသော် စိတ်လှုပ်ရှားရ၏။ ရေဆိပ်၌ဆွေးနွေးသော် ပေါက်ကြားလွယ်၏''

**တိုင်ပင်ခြင်းကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ် ရှစ်ယောက်**

ဤသို့ လျှောက်ထားပြီးလျှင် မိလိန္ဒမင်း သည် ဆက်လက်၍ လျှောက်ထား၏။

''အရှင်နာဂသေနဘုရား၊ ရှစ်ယောက်သော ပုဂ္ဂိုလ်တို့နှင့် ဆွေးနွေးတိုင်ပင်မိသော် ထိုပုဂ္ဂိုလ် တို့သည် ဆွေးနွေးတိုင်ပင်အပ်သော အကျိုး တရားကို ပျက်ပြားစေတတ်ကုန်၏။ ထိုပုဂ္ဂိုလ် ရှစ်ယောက်တို့ကား -

၁။ ရာဂစရိုက်ရှိသူ၊

၂။ ဒေါသစရိုက်ရှိသူ၊

၃။ မောဟစရိုက်ရှိသူ၊

၄။ မာနစရိုက်ရှိသူ၊

၅။ လာဘ်လိုချင်လွန်းသူ၊

၆။ ပျင်းရိသူ၊

၇။ အကြံတစ်ခုတည်းသာ တထစ်ချ ကြံစည် သူ၊

၈။ ငယ်ရွယ်မိုက်မဲသူတို့ ဖြစ်ကြပါ၏''

''မင်းမြတ်၊ ထိုပုဂ္ဂိုလ်ရှစ်ယောက်တို့နှင့် တိုင်ပင်လျှင် အဘယ်အပြစ်များ ရှိပါသနည်း''

''အရှင်ဘုရား၊ ထိုသူတို့မှာ ရှိနေကြသော စိတ်နေစိတ်ထား စရိုက်များကြောင့် ဆွေးနွေး တိုင်ပင်အပ်သော အကျိုးတရားပျက်ပြားရပါ၏''

**လျှို့ဝှက်တိုင်ပင်ခြင်းကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်ကိုးယောက်**

မိလိန္ဒမင်းက ဆက်လက်၍ လျှောက်ထား ၏။

''အရှင်နာဂသေနဘုရား၊ ကိုးယောက် သောပုဂ္ဂိုလ်တို့သည် လျှို့ဝှက်စွာတိုင်ပင်အပ် သော အမှုကိစ္စကို ဖော်ထုတ်တတ်ပါကုန်၏။ မိမိစိတ်ထဲမှာပင် သိုသိပ်၍ မထားနိုင်ကြကုန်။ ထိုပုဂ္ဂိုလ်ကိုးယောက်တို့ကား -

၁။ ရာဂစရိုက်ရှိသူ၊

၂။ ဒေါသစရိုက်ရှိသူ၊

စာမျက်နှာ(၆၁)သို့

www.dhammaransi.com



# ခင်ပွန်းကြီးဆယ်ပါး

အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

**ခင်ပွန်းကြီး ၁၀ပါးကို ဝန်ချတောင်းပန်နည်း**

**ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ၊ အဂ္ဂသာဝက လေးပါးကို ဝန်ချတောင်းပန်နည်း**

ဘုရားတပည့်တော်သည် လွန်ခဲ့သော အတိတ်ဘဝများနှင့် ယခုဘဝအထိ တွေ့ဆုံကြုံကြိုက် ဦးခိုက်ဖူးမြော်ရသော အဆူဆူကုန်သော ဘုရားရှင်များ၊ အဆူဆူကုန်သော အရှင်ပစ္စေကဗုဒ္ဓါများ၊ အဆူဆူကုန်သော ရဟန္တာများ၊ အဆူဆူကုန်သော အဂ္ဂသာဝက အရှင်မြတ်များ အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့ကို သည်းခံခွင့်လွှတ်တော်မူရန် တောင်းပန် ဝန်ချကန်တော့ပါသည်ဘုရား။

(ဦးသုံးကြိမ်ချ ကန်တော့ပါ).

**ဆုတောင်း**

ကန်တော့ရသော အကျိုးအားကြောင့် အနိဋ္ဌဖလ ဒုက္ခအသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ လွတ်ငြိမ်းပ၍ သုခချမ်းသာ အဖြာဖြာနှင့် လိုရာဆန္ဒ ဟူသမျှ ပြည့်ဝရပါစေသား အရှင်ဘုရား။

**အမိ အဖ နှစ်ပါးကို ဝန်ချတောင်းပန်နည်း**

မြင့်မိုရ်တောင်ဦး မကကြူးသား ကျေးဇူးကြီးလှ အမိ အဖတို့အား သား၊ သမီး၊ ကျွန်တော်၊ ကျွန်မတို့သည် ကာယကံ၊ ဝစီကံ၊ မနောကံ တို့ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ထိုအပြစ်တို့ကို သည်းခံခွင့်လွှတ်တော်မူပါရန် လွန်ခဲ့သော အတိတ်ဘဝများစွာက အမိ အဖများနှင့် ယခုဘဝ တော်စပ်ရသော ဖခင်ကြီး ဦး-------နှင့် မိခင်ကြီး ဒေါ်----- တို့အား တောင်းပန်ဝန်ချ ကန်တော့ပါသည်။

(ဦးသုံးကြိမ်ချကန်တော့ပါ)

**ဆုတောင်း**

ကန်တော့ရသော အကျိုးအားကြောင့် အနိဋ္ဌဖလ ဒုက္ခအသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ လွတ်ငြိမ်းပ၍ သုခချမ်းသာ အဖြာဖြာနှင့် လိုရာဆန္ဒ ဟူသမျှ ပြည့်ဝရပါလို၏ ခင်ဗျား/ရှင့်။

www.dhammaransi.com



**အာစရိယ စာသင်ဆရာ၊ လောကီသုတဆရာ ဓမ္မာစရိယနှင့်လောကကျေးဇူးရှင် လေးပါးကို ဝန်ချတောင်းပန်နည်း**

အနန္တော အနန္တငါးပါး၊ အဝင်အပါ ဆရာသခင် ကျေးဇူးရှင်တို့အပေါ်၌ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားကျူးလွန်မိခဲ့သည်ရှိသော် ထိုအပြစ်တို့ကို သည်းခံခွင့်လွှတ်တော်မူပါရန်၊ အတိတ်ဘဝများနှင့် ယခုဘဝတွင် ပညာသင်ယူခဲ့သော အာစရိယသခင်၊ ဆရာရှင်များ၊ လောကီဗဟုသုတသင် ဆရာများ၊ လောကုတ္တရာ ပညာသင် ဓမ္မာစရိယများ ပစ္စည်းလေးပါး ထောက်ပံ့ကြသည့် ကျေးဇူးရှင်များတို့အား တောင်းပန်ဝန်ချကန်တော့ပါ၏ ခင်ဗျား/ရှင့်။

**(ဦးသုံးကြိမ်ချ ကန်တော့ပါ)**

မိမိကန်တော့လိုသော ဆရာ၏အမည်နာမကို ထည့်သွင်းရွတ်ဆို ကန်တော့ပါ။

**ဆုတောင်း**

ကန်တော့ရသော အကျိုးအားကြောင့် အနိဋ္ဌဖလ ဒုက္ခအသွယ်သွယ် အန္တရာယ်အပေါင်း မကောင်းဟူသမျှ လွတ်ငြိမ်းပ၍ သုခချမ်းသာ အဖြာဖြာနှင့် လိုရာဆန္ဒ ဟူသမျှ ပြည့်ဝရပါလို၏ ခင်ဗျား/ရှင့်။

**(တစ်ဦးချင်း ကန်တော့နိုင်သည်)**

**ကန့်တော့ပွဲရာ ပစ္စည်းများအဖြာဖြာ**

ဝန်ချကန်တော့ရာတွင် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများအတွက် ဆွမ်းပွဲ၊ သောက်တော်ရေချမ်းနှင့် ဆီမီး၊ ပန်း၊ အမွှေးနံ့သာတိုင်တို့ ပြင်ဆင် ကန်တော့၍ ဝန်ချတောင်းပန်၏။

သက်ရှိထင်ရှား မိဘနှစ်ပါးနှင့် ဆရာသမားများကို ကန်တော့ရာတွင် မိမိတတ်စွမ်းသမျှ ဝတ်စုံနှင့်သော်လည်းကောင်း၊ ငွေအသပြာနှင့်သော်လည်းကောင်း၊ မုန့်သစ်သီးစသည်တို့နှင့်သော်လည်းကောင်း ဆေးဝါးစာတ်စာ အသုံးအဆောင် စသည်တို့ဖြင့် လည်းကောင်း ပြင်ဆင်ကန်တော့ ဝန်ချတောင်းပန်ရ၏။

**အုန်းပွဲ၊ ငှက်ပျောပွဲနှင့် ကန်တော့လိုက ကန်တော့ပွဲ ပြင်ဆင်နည်း**

(၁) အုန်းသီး၊

(၂) ငှက်ပျောသုံးဖီး၊

(၃) ဆွမ်းဆယ်ပွဲ၊

www.dhammaransi.com



(၄) ကွမ်းယာသုံးယာ၊

(၅) လက်ဖက် သုံးထုပ်၊

(၆) ဖယောင်းတိုင် ဆယ်တိုင်၊

(၇) အမွှေးနံ့သာတိုင် ဆယ်တိုင်၊

(၈) သောက်တော်ရေ ဆယ်ခွက်၊

(၉) နှင်းဆီပွင့် ဆယ်ပွင့်၊

(၁၀) သပြေပန်း ဆယ်ညွန့်တို့နှင့် ပြင်ဆင်ကန်တော့ရပါမည်။

* မွန်းမတည့်မီ ကန်တော့လျှင် ဆွမ်းဆယ်ပွဲ၊ မွန်းတည့်ချိန်ကန်တော့လျှင် ဆွမ်းဆယ်ပွဲနေရာတွင် သစ်သီးဆယ်လုံးထည့်၍ ကန်တော့ပါ။

**မိမိအနေဖြင့် သမ္မာဒေဝနတ်များအား တိုင်တည်၍ အပြစ်များမှ ခွင့်လွှတ်ကျေအေးနည်း**

အကျွန်ုပ်သည် ခင်ပွန်းကြီးဆယ်ပါးအား ပြစ်မှားမိသည်ရှိသော် အပြစ်များမှ ခွင့်လွှတ်ကျေအေးရန် တောင်းပန် ဝန်ချပြီးပါကြောင်း သမ္မာဒေဝနတ်များအား အသိပေးအပ်သည်။

ကျွန်ုပ်၏ အပေါ်၌လည်း သံသရာဘဝအဆက်ဆက်မှ ယခုအထိ ကာယကံ၊ ဝစီကံ၊ မနောကံများနှင့် ပြစ်မှားကျူးလွန်ခဲ့သည်များရှိပါက ထိုပုဂ္ဂိုလ်တို့အပေါ်၌ အပြစ်မယူ ကြည်ဖြူစွာဖြင့် ခွင့်လွှတ်ကျေအေးလိုက်ပါကြောင်း လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား သိစေအပ်ပါသည်။

ဤသို့ပြုရ၊ မြတ်ပုညကို ကြီးထမြင့်ခေါင်၊ မြင့်မိုရ်တောင်ဦး၊ မကကြူးသား၊ ကျေးဇူးအရှင်၊ မွေးမိခင်နှင့် ဖခင်တို့အား ရငြားပါစေ၊ အမျှဝေ၏၊ မသွေနိစ္စ၊ ဤကာယကို၊ စောင့်ထပေတတ်၊ ကိုယ်စောင့်နတ်လည်း၊ မလပ်စေရ၊ ပေးဝေဌ၏။ မိတ္တာဆွေညာ၊ ဆရာသမား ဘိုးဘွားကစ၊ ယမရာဇာ၊ ဒေဝါယက္ခ၊ ဣန္ဒာဗြဟ္မာ၊ အာကာသနတ်၊ အထူးမှတ်၍ ဤမြတ် ပုည၊ ကုသလကို ရကြပါစေ၊ အမျှဝေ၏။ သဗ္ဗေသတ္တာ၊ သတ္တဝါဟု နာနာလောက၊ အနန္တတွင် မပြတ်စဉ်လာ၊ သတ္တဝါသ၊ ဘုံကိုးဝနှင့် ဝိညာဏဋ္ဌိတိ၊ တည်ရှိခုနစ်ပါး၊ များစွာလုံးစုံ၊ ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်သမျှ၊ ဝေနေယျအား အမျှကုသိုလ် ပေးဝေလို၏။ ထိုကုသလ ဤပုညကိုအမျှရသည် ဖြစ်စေသော်(ဝ်) ဝသုန္ဒရေ၊ ဤမြေပ်သု၊ သိလာထုလည်း သက်သေအမျှ တည်စေသော်(ဝ်)

အားလုံး ကြားကြားသမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့။

သာဓု..... သာဓု...... သာဓု

www.dhammaransi.com



# သစ္စာပြုခြင်းအကျိုး

နိုင်ကြည်မြင့် (သာသနဓဇဓမ္မာစရိယ)

**သစ္စာ**

သစ္စာဆိုသည်မှာ မှားသောအမှုဖြစ်စေ၊ မှန်သောအမှုဖြစ်စေ၊ မချွတ်မယွင်းမှန်ကန်ခြင်း သဘောကိုသာ သစ္စာဟု ခေါ်ဆိုခြင်း ဖြစ်ပါသည်။

**သစ္စာ၏အရင်းခံ(၂)ပါး**

သစ္စာသည် အရင်းခံအားဖြင့် (၂)ပါးရှိပါသည်။

(၁) သမုတိသစ္စာဆိုသည်မှာ လောက၌ လူအများတို့ ခေါ်ဝေါ် ပညတ်သမုတ်အပ်သည့် အတိုင်း မှန်ကန်ခြင်းဖြစ်သည်။

(၂) ပရမတ္ထသစ္စာဆိုသည်မှာ လောကသဘာဝအရ ဧကန်မုချ ထင်ရှားစွာရှိသော သဘောတရားအရ မှန်ကန်ခြင်းဖြစ်ပါသည်။

**သစ္စာ(၃)ပါး**

(၁) သူတစ်ပါးတို့ မိမိကိုယုံကြည်စေရန် အမှန်ပြောကြားအပ်သော သစ္စာစကား၊

(၂) မိမိအလိုရှိအပ်သော အရာကို ပြည့်စုံစေရန် အမှန်ပြောကြားအပ်သော သစ္စာစကား၊

(၃) မဟုတ်မမှန်သောစကားကို ပြောကြားခြင်းမှ ရှောင်ကြဉ်ရန် ပြောကြားအပ်သော စကား။

**သစ္စာပြုခြင်း**

သစ္စာပြုခြင်းဆိုသည်မှာ လိုအပ်သောအမှုကိစ္စပြီးစေရန် ကောင်းသောအမှုကိစ္စကိုဖြစ်စေ၊ မကောင်းသောအမှုကိုဖြစ်စေ၊ မှန်ကန်စွာ တိုင်တည်ပြောဆိုခြင်းဖြစ်သည်။

**သစ္စာလင်္ကာ**

သစ္စာနှုတ်သီး၊ မန္တန်ကြီးက
သေပြီးသော်မှ၊ ရှင်ပြန်ရ၏။

သစ္စာဆိုခြင်းကြောင့် အနာရောဂါကင်းခြင်း၊ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ခြင်း၊ လိုအပ်သော အမှုကိစ္စပြီးမြောက်ခြင်းစသော ကောင်းကျိုး အမျိုးမျိုးရရှိတတ်ပါသည်။

**သစ္စာတန်ခိုး တန်ဖိုးအနန္တ**

ကတိသစ္စာတည်သောအခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏ဟု ဆိုသည့်အတိုင်း ကတိသစ္စာ

www.dhammaransi.com



တရားသည် အမှားမဖက် အမှန်ဘက်၌ တည် သောအခါ နွယ်မြက်သစ်ပင်သည်ပင် ဩဇာ လေးနက်ပေါ်ဆီတက်၍ ဆေးဖက်ဝင်လေ၏။

ရှေးရှေးက သူတော်ကောင်းကြီးများသည် အခက်အခဲအကျပ်အတည်းများနှင့် တွေ့ကြုံ ကြသောအခါ မိမိတို့ဘဝတွင် ဖြစ်ပျက်ခဲ့သည့် ပကတိဖြစ်ရပ်မှန်အခြေအနေကို အမှန်အတိုင်း ဖေါ်ထုတ်၍ သစ္စာပြုဖြေရှင်းလေ့ရှိကြ၏။ သစ္စာဟူသည်မှာ ကောင်းမကောင်းနှင့်မဆိုင်ဘဲ တကယ့်အမှန်တရားသာဖြစ်၏။ အမှန်အတိုင်း ဖေါ်ထုတ်၍ မှန်မှန်ကန်ကန်သစ္စာပြုလျှင်လည်း အမှန်တကယ်အကျိုးပေး၏။ သစ္စာတန်ခိုးသည် တန်ဖိုးအနန္တကြီးမားလှပေ၏။

**သစ္စာအကျိုးပြသာဓကများ**

**မိခင်သစ္စာ သားငယ်အသက်ချမ်းသာ**

သီဟိုဠ်ကျွန်းမဟာဂါမမြို့တော်အနီး မဟာ ဝိဟာရကျောင်းတိုက်ရှိ စေတီတံခါးမုခ်၏ မဏ္ဍပ် ၌ မထေရ်တစ်ပါး တရားဟောနေသည်။

ထိုတရားပွဲ၌ အမျိုးသမီးတစ်ဦးသည် သားငယ်နှင့်လာရောက်ပြီး မဏ္ဍပ်အစွန်အဖျား ၌နေကာ တရားနာသည်။ ထိုအခိုက်တွင် သားငယ်သည် တံတိုင်းအနားသို့သွားကာ သဲ မှုန့်များကို လက်နှင့်ကျုံးယူပြီး လေထဲလွှင့်ကာ လွတ်လပ်စွာကစားနေသည်။

ထိုသဲမှုန့်များသည် အုတ်တံတိုင်းကြား၌ နေသော မြွေဆိုးတစ်ကောင်မျက်လုံးထဲသို့ ဝင် ရောက်သွားရာ မြွေသည်စိတ်ဆိုးပြီး အုတ်တံ တိုင်းမှ ထွက်ကာ ကလေးကို ကိုက်လေသည်။

မိခင်သည် တရားနာရင်း သားဖြစ်သူ မြွေ ကိုက်ခံရသည်ကို မြင်သည်။ တရားနာအနှောက် အယှက်ဖြစ်မည်စိုး၍ မည်သူ့ကိုမျှလည်း မပြော၊ မိမိလည်းတရားနာပျက်မည်စိုး၍ ကလေးကိုအာရုံမစိုက်ဘဲ တရားဘက်၌သာ အာရုံစိုက်နာနေသည်။

ထိုအခိုက်ကလေးသည် မြွေဆိပ်မွန်ကာ လဲကျသွား၍ မိခင်သည် သားငယ်ကိုပြေး၍ ပွေ့ဖက်သည် ဖြူဖြူဖွေးဖွေးသားငယ်သည် တစ်ကိုယ်လုံး မည်းနက်နေသည်။

ထိုအခါ အမျိုးသမီးသည် သားငယ် အသက်ရှင်ရေးအတွက် သစ္စာမှတစ်ပါး အခြား အပြင် ရတနာမြတ်သုံးပါး၏ ဂုဏ်ကို တိုင် တည်၍ သစ္စာဆိုခဲ့သည်။ ထိုသစ္စာစကားကြောင့် သားငယ်သည် မြွေဆိပ်ပြယ်၍ အသက်ချမ်းသာ ရခဲ့လေသည်။

www.dhammaransi.com



**ရသေ့မိဘတို့၏ သစ္စာစကား သားငယ်အသက်ချမ်းသာ**

ဝံသတိုင်းကောသမ္ဗီပြည် နိဂုံးရွာ၌ မဏ္ဍဗျသူကြွယ်သည် သားမယားနှင့်အတူ သူငယ်ချင်းဖြစ်သူ ကဏှာဒီပါယနရသေ့ကျောင်းသင်္ခမ်းသို့သွားကြသည်။

• သူဌေး၏သားငယ်သည် စင်္ကြံအနီး၌ ဂျင်ပေါက်၍ ကစားနေစဉ် ဂျင်သည် တောင်ပို့တွင်းသို့ ဝင်သွားရာ ကလေးငယ်က လက်ဖြင့်နှိုက်၍ ဂျင်ကိုယူသည်။ အဆိပ်ပြင်းထန်သော မြွေသည် ကလေး၏လက်ကို ကိုက်ရာ ကလေးသည် အဆိပ်တက်၍ မေ့မျောလဲကျလေသည်။

ကလေးငယ်အသက်ရှင်ရေးအတွက် ရသေ့နှင့်မိဘနှစ်ပါးတို့က အသီးသီးသစ္စာပြုကြရာ ထိုသစ္စာစကားများကြောင့် ကလေးငယ်အသက်ချမ်းသာရာရခဲ့လေသည်။

**ဘုရားလောင်းငုံးမင်းသစ္စာ**

မဂဓတိုင်း တစ်ခုသောတောအုပ်၌ ငုံးငှက်မတစ်ကောင်သည် ဘုရားလောင်းငုံးငှက်ကို မွေးဖွားခဲ့သည်။

ထိုငုံးငှက်ငယ်အသိုက်ရှိရာအရပ်သည် နှစ်စဉ် မီးလောင်လေ့ရှိသည်။ ငုံးငှက်ကလေးအတောင်မစုံ ခြေမကြွနိုင်ခင် အရွယ်မှာပင် တောမီးသည် လောင်ကျွမ်းလေသည်။ ငုံးငှက်ကလေး၏မိဘများနှင့် ငှက်များစွာတို့သည် သေဘေးမှ လွတ်ရာသို့ ပျံသန်းသွားခဲ့ကြသည်။

ငုံးငှက်ကလေးသည် ငါ့တွင်အတောင်စုံခြေကြွနိုင်သော အစွမ်းရှိပါက ဤမီးဘေးမှလွတ်ကင်း၍ ပြေးနိုင်ရာ၏။ ယခုမူ မပျံနိုင်ဘဲ ငါ့မှာ အားကိုးစရာမရှိပြီဟု နှလုံးသွင်းလျှက် ငါ့အားအတောင်ရှိလျက်မပျံနိုင်၊ ခြေထောက်ရှိလျက်မကြွနိုင်၊ မိဘတို့သည် အသိုက်ကို စွန့်၍ ပြေးကြပါကုန်၏။ ဤစကားသည် မဖောက်မပြန် မှန်ကန်ပါက ဤတောမီးသည် ဤအရပ်မှ ဖယ်ခွါပါလော့ဟု သစ္စာပြုလိုက်သည်။

ဘုရားလောင်း ငုံးငှက်ငယ်၏ သစ္စာစကားကြောင့် တောမီးသည် ရေလောင်းဘိသကဲ့သို့ ထိုအရပ်ကိုကွင်းကာ မီးငြိမ်းလေသည်။

အထက်ဖေါ်ပြပါ သစ္စာစကားများအရ သစ္စာစကားသည် အလွန်အရေးပါအရာရောက်ကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။

သို့ဖြစ်သည့်အတွက် ကျွန်ုပ်တို့တတွေ အရေးကြီးလျှင် သစ္စာစကားကို ပြောဆိုခြင်းဖြင့် မိမိ၏အောင်မြင်ကြီးပွားကြောင်း စကားကို ဆိုကြပါကုန်ဟု တိုက်တွန်းလိုက်ရပါတော့သည်။

**နိုင်ကြည်မြင့်**
**သာသနမဇ္ဇမမွာစရိယ**

www.dhammaransi.com



# နာဂတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ

ရဲဝင်း (သထပ၊ ခန္တီး)

ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုတိုင်းရင်းသားအားလုံးသည် မွန်ဂို မျိုးနွယ်မှပေါက်ဖွားဆင်းသက်လာကြသူများဖြစ် သည်ဟု မနုဿဗေဒပညာရှင်ကြီးများက မှတ်ချက်ချခဲ့ကြသည်။ ရှေးပဝေသဏီက တည်းက အောက်ပါအုပ်စုကြီး (၃)စုခွဲကာ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်လာ ကြသည်ဟု ယူဆကြသည်။ ၎င်းတို့မှာ-

(၁) မွန်ခမာအုပ်စု

(၂) တိဘက်မြန်မာအုပ်စု

(၃) ထိုင်းတရုတ်အုပ်စုတို့ဖြစ်ကြသည်။

ထို့နောက် ရေကြည်ရာမြက်နုရာ အသက် မွေးဝမ်းကြောင်းပြုလာခဲ့ကြရာ နာဂ၊ ရခိုင်၊ ချင်းစသည်တို့သည် အနောက်ဘက်တွင် အခြေချလာခဲ့ကြသည်။ နာဂလူမျိုးသည် သီးခြားရှေးဟောင်းလူမျိုးတစ်မျိုးဖြစ်ပြီး ကိုယ်ပိုင် ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့ထုံးစံများ ဖြင့် နေထိုင်လာခဲ့ကြောင်း သမိုင်းအထောက် အထားများအရ သိရှိရပါသည်။

**နာဂဟူသောအမည်နှင့်အဓိပ္ပါယ်**

နာဂဟူသောစကားလုံးမှာ ဘင်္ဂါလီ (သက္ကတဘာသာမှ ဆင်းသက်)နှင့် ဟိန္ဒူစတန် နီနန်ကာ(သက္ကတဘာသာမှဆင်းသက်) စကား များကို ကိုးကား၍ အဓိပ္ပါယ်မှာ ဝတ်လစ် စလစ်ဖြစ်သော အကြမ်းထည်ဖြစ်သော၊ ရိုင်း စိုင်းသောဟူ၍ အဓိပ္ပါယ်ရပါသည်။

**နာဂလူမျိုးများ ဆင်းသက်လာပုံသမိုင်းအကျဉ်း**

လူမျိုးတစ်မျိုးတွင် သမိုင်းဆိုတာရှိစမြဲပါ။ နာဂလူမျိုးများသည်လည်း သမိုင်းရှိခဲ့ပါသည်။ နာဂလူမျိုးဆင်းသက်လာပုံသမိုင်းကို လေ့လာ ကြည့်လျှင် နာဂလူမျိုးများသည် မွန်ဂိုကုန်းမြင့် မှ အုပ်စုကွဲ၍ လက်ရှိတရုတ်ပြည်သို့ အသီးသီး ပျံ့နှံ့နေထိုင်လျက်ရှိသော ရှေးဦးလူမျိုးများ အနက်-

(က) တိဘက်မြန်မာအနွယ်

(ခ) မန်ချူးရီးယားအနွယ်

(ဂ) ကန်းစုအနွယ်- အနွယ်(၃)မျိုးမှ (၁)မျိုး

www.dhammaransi.com



တည်းအဖြစ် ပူးပေါင်း၍ ဖြစ်ပေါ်လာသော မွန်ဂိုလူမျိုးစစ်စစ်ဖြစ်သည်။

တိဘက်မြန်မာအနွယ်မှ နာဂလူမျိုးအဖြစ် ဆင်းသက်လာသော နာဂများမှာ လက်ရှိမြန်မာနိုင်ငံအထက်ပိုင်းရှိ နာဂတောင်တန်းဒေသ၏ မြောက်ဘက်နန်းယွန်းမြို့နယ်နှင့် အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်၊ အရုနာချာပြည်နယ်တို့တွင် နေထိုင်သော နာဂလူမျိုးများဖြစ်သည်။ ၎င်းမျိုးနွယ်စုများမှာ တိဘက်နှင့်နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ လက်ရှိနန်းယွန်းမြို့နယ်နှင့် အာသံပြည်နယ်၊ အရုနာချာပြည်နယ်များသို့ လမ်းကြောင်း(၂)သွယ်ခွဲ၍ ဆင်းသက်ခဲ့ကြသည်။ လမ်းကြောင်း(၁)ခုမှာ တိဘက်ကုန်းမြင့်မှ အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်နှင့် အရုနာချာပြည်နယ်သို့ တိုက်ရိုက်ဆင်းသက်သည်။ လမ်းကြောင်း(၁)မှာ မြန်မာနိုင်ငံမြောက်ဘက်လက်ရှိကချင်ပြည်နယ် ပူတာအိုဒေသ(သို့) ဟိမဝန္တာရေခဲတောင်ကို ဖြတ်ကျော်ဆင်းသက်နေထိုင်လျက် နန်းယွန်းမြို့နယ်နှင့်ဟူးကောင်းချိုင့်ဝှမ်း မြေပြန့်ဒေသများတွင် ဆက်လက်နေထိုင်၍ အချို့မှာ တဖြည်းဖြည်းအာသံပြည်နယ်အထိ ဆက်လက်ထွက်ခွာနေထိုင်ကြသည်။ ဤသို့ ပျံ့နှံ့နေထိုင်ရာ၌ အချို့မှာ နောက်မှရောက်လာသော ရှမ်း၊ ကချင်လူမျိုးများနှင့် ရောနှောကာ ၎င်းလူမျိုးအဖြစ် ပြောင်းလဲကျန်ရစ်ခဲ့သည်။ အချို့မှာ ယခုနန်းယွန်းမြို့နယ်ရှိ နာဂမျိုးနွယ်စုများအဖြစ် နေထိုင်လျက်ရှိပါသည်။

မန်ချူးရီးယားအနွယ်မှ နာဂလူမျိုးအဖြစ် ဆင်းသက်လာသောနာဂများမှာ လက်ရှိမြန်မာနိုင်ငံလေရှီးမြို့နယ်မှ နာဂမျိုးနွယ်စုများ၊ အိန္ဒိယနိုင်ငံ မော်နာဂ၊ အန်ဂါမီနာဂ၊ ရင်္ဂမားနာဂ၊ ဆီမာနာဂ စသည့် အနွယ်များဖြစ်သည်။

ကန်းစုအနွယ်မှ နာဂလူမျိုးအဖြစ် ဆင်းသက်လာသောနာဂများမှာ လိုင်းနောင်၊ ယော်တိုင်၊ ကွန်ညှပ်၊ နောက်အော်၊ ပုံညို၊ ဆော့လော် စသည့် နာဂလူမျိုးများပါဝင်သည်။ ချင်းတွင်းမြစ်နှင့် အိန္ဒိယနိုင်ငံအကြား တောင်စဉ်တောင်တန်းများအပေါ် နေထိုင်ကြပြီး ရောထွေးယှက်တင်ပေါင်းဖက်ခြင်း၊ အချင်းချင်း ထိမ်းမြားခြင်း၊ ကူးလူးဆက်ဆံခြင်း၊ စုပေါင်းနေထိုင်ကြခြင်းအားဖြင့် နှစ်ပေါင်းထောင်ချီလာသောအခါ တူညီသောဓလေ့၊ တူညီသောထုံးစံ၊ တူညီသောဘာသာစကားနှင့်ယုံကြည်ကိုးကွယ်

www.dhammaransi.com



မှုများရှိလာရာမှ လူမျိုးတစ်မျိုးတည်းအဖြစ် ရောက်ရှိလာသည်။ ခရစ်တော်မပေါ်မီ နောက်ဆုံး ရာစု(ကျောက်ခေတ်နှောင်းတွင်) နေထိုင်ခဲ့ကြသည့် လူမျိုးများတွင် နာဂလူမျိုးများလည်း နေထိုင်ခဲ့ပြီး ဖြစ်ကြောင်းကို နာဂဒေသတွင် တွေ့ရှိရသော ကျောက်လက်နက်ကိရိယာ အသုံးအဆောင်များ၊ ကျောက်ဂူတွင်တွေ့ရှိရသော ရုပ်ပုံများကို ကြည့်ခြင်းအားဖြင့် သိရှိရပါသည်။

လက်ရှိအချိန် နာဂလူမျိုးများသည် မြန်မာနိုင်ငံအတွင်း၌ ခန္တီးမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ ပန်ဆောင်မြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ထန်ပါကွေမြို့နယ်ခွဲ၊ မိုပိုင်လွတ်မြို့နယ်ခွဲ၊ ရှင်ဘွေယန်မြို့နယ်ခွဲတို့တွင် အများဆုံးအခြေချနေထိုင်ကြပြီး ဟုမ္မလင်းမြို့နယ်နှင့် တနိုင်းမြို့နယ်တို့တွင် ကျေးရွာအချို့သာ နာဂလူမျိုးများအဖြစ် ကျန်ရှိနေထိုင်လျှက်ရှိပါသည်။ အိန္ဒိယနိုင်ငံတွင် နာဂလင်းပြည်နယ်၌ အများဆုံးအခြေချနေထိုင်လျှက်ရှိပါသည်။

**ဘာသာစကား**

နာဂလူမျိုးများသည် အုပ်စုကလေးများအလိုက် တစ်နေရာစီရွာတည်၍ နေထိုင်လာကြသောအခါ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြောင့် အချင်းချင်းမတွေ့ဆုံခဲ့ကြခြင်း၊ အနေဝေးပြီး ကြာမြင့်စွာ ခွဲခွာရခြင်းများကြောင့် တစ်ရွာနှင့်တစ်ရွာ ဘာသာစကား၊ အခေါ်အဝေါ်၊ ဓလေ့ထုံးစံများ မသိမသာ ကွဲပြားသွားခဲ့ကြသည်။ မျိုးနွယ်စုများလည်း အပြောက်အပြား ကွဲပြားသွားကြပါသည်။ တိုင်းမီ၊ လိုင်းနောင်၊ ဂုဏ်ဝမ်၊ မကျုန်၊ နောက်အော်၊ တန်ကွန်၊ ပါရာ၊ မကူရီ၊ ပိန်းကူး၊ ကူကီး၊ ရောင်ကွန်၊ နာဂမစ္ဆေအစရှိသည်ဖြင့် မျိုးနွယ်စုများ ကွဲပြားလျက်ရှိပြီး မျိုးနွယ်စုအလိုက် ဘာသာစကား မသိမသာကွဲပြားပါသည်။ ဥပမာအားဖြင့် မကူရီနာဂကကျောင်းဆရာ၊ ဘုန်းကြီး၊ ခရစ်ယာန်တရားဟောဆရာများကို "အဖိပူ" ဟု ခေါ်၍ ပိန်းကူးနာဂက "ကြက်မင်းပူ" ဟု ခေါ်ဝေါ်သုံးစွဲသည်ကို တွေ့ရှိရပါသည်။

**ကိုးကွယ်ယုံကြည်မှု**

နာဂတိုင်းရင်းသားလူမျိုးများသည် ရှေးယခင်က နတ်ဘာသာတစ်မျိုးတည်းကိုသာ ကိုးကွယ်ယုံကြည်၍ ယဇ်ပူဇော်မှုပြုခဲ့ကြပါသည်။ ယခုအခါ၌ နတ်ကိုးကွယ်မှု၊ ခရစ်ယာန်

www.dhammaransi.com



ဘာသာ၊ ဗုဒ္ဓဘာသာဟူ၍ (၃)မျိုးကိုးကွယ်ယုံကြည်လျှက် ရှိကြပါသည်။ အများဆုံးကိုးကွယ်သော ဘာသာမှာ ခရစ်ယာန်ဘာသာဖြစ်သည်။ မြန်မာနိုင်ငံအား အင်္ဂလိပ်တို့အုပ်ချုပ်သည့်ကာလများတွင် နာဂတောင်တန်းဒေသများသို့ ခရစ်ယာန်သာသနာပြုများ ရောက်လာကြပြီး သာသနာပြုမှုကြောင့် နာဂလူမျိုးများသည်လည်း ခရစ်ယာန်ဘာသာအမြောက်အများရှိလာခဲ့ခြင်းပင်ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်သည်လည်း တောင်တန်းသာသနပြုရဟန်းတော်များနှင့် သာသနပြုလူပုဂ္ဂိုလ်များ စည်းရုံးဟောပြော သာသနာ့ပြုမှုကြောင့် ဗုဒ္ဓဘာသာဝင်အချို့ ဝင်ရောက်လာကြပြီး ခရစ်ယာန်ဘာသာဝင်၏ (၃)ပုံ၊ (၂)ပုံခန့် ဗုဒ္ဓဘာသာဝင်များ ရှိလာခဲ့ခြင်း ဖြစ်ပါသည်။

**ဝတ်စားဆင်ယင်မှု**

နာဂတိုင်းရင်းသားများ၏ ရိုးရာဝတ်စားဆင်ယင်မှုသည် ရှေးခေတ်က ယောက်ျားဝတ်စုံမှာ ရှေ့ကြွေသီးပါလောင်းကွပ်နှင့် သစ်ခေါက်မျှဉ်ချုပ်လုပ်ထားသော အင်္ကျီကို ဝတ်ဆင်ကြပြီး၊ ဦးထုပ်အဖြစ် ဝါးနှီးဖြင့် ယက်လုပ်ထားသော ထိပ်ချွန်ဖြစ်ပြီး ငှင်းဦးထုပ်ပတ်လည်တွင် ဝက်ဝံမွေးပတ်ထား၍ ရှေ့ဘက်ဝက်ဆွယ်(၂)ချောင်းတပ်ဆင်ကာ ထိပ်ပိုင်းတွင် အောက်ချင်းငှက်တောင်မွေး(၃)ခုတပ်ဆင်ထားပါသည်။ အမျိုးသမီးဝတ်စုံအဖြစ် သစ်ခေါက်မျှဉ်ယက်လုပ်၍ အောက်ပိုင်းအကာအကွယ်အဖြစ် ဝတ်ဆင်ပြီး၊ အပေါ်ပိုင်းအား ဝါ၊ သစ်ခေါက်ဖြင့်လက်ယှက်စလွယ်သိုင်းပြီး ဝတ်ဆင်ခဲ့ကြပါသည်။

ယခုအခါ၌ အမျိုးသား၊ အမျိုးသမီးများရိုးရာခေတ်သစ်ဝတ်စုံများ တီထွင် ဝတ်ဆင်ကြပါသည်။

**စိတ်နေသဘောထား**

နာဂလူမျိုးများသည် မျိုးနွယ်စုများ ကွဲပြားကြသော်လည်း များသောအားဖြင့် စိတ်နေသဘောထားတူညီကြပါသည်။ ရိုးသားပွင့်လင်းသော တိုင်းရင်းသားဖြစ်သည်။ မိမိတို့မျိုးနွယ်ကို ခင်တွယ်ကြသလို မိမိတို့၏ ဇာတိနေရာဒေသကိုလည်း ခင်တွယ်ကြပါသည်။ အစွဲအလမ်းကြီးသည်။ တုန့်ပြန်လိုစိတ်ရှိသည်။ ကိုယ်တွေ့လက်တွေ့မှယုံတတ်သည်။ ယုံကြည်ရင်းစွဲကိစ္စကိုလည်း လွယ်လွယ်နဲ့ မပယ်တတ်ကြပေ။ ခေါင်းဆောင်များ၏စကားကို တသွေ

www.dhammaransi.com



မတိမ်းလိုက်နာဆောင်ရွက်တတ်သည်။ အများအားဖြင့် ကြမ်းတမ်းခက်ခဲလှသော တောင်ကုန်းတောင်တန်းများတွင် နေထိုင်၍ ကြမ်းတမ်းစွာဘဝကိုရုန်းကန်နေကြရသဖြင့် လူကြမ်း၊ စိတ်ကြမ်းများ ပုံစံဖြစ်နေရပါသည်။

နာဂတိုင်းရင်းသားတို့သည် ဖေါ်ရွေခြင်း၊ သံယောဇဉ်တွယ်တတ်ခြင်း၊ ဟန်ဆောင်မှုကင်းခြင်း၊ စိတ်ထဲရှိသည့်အတိုင်း ပြုမူတတ်ခြင်း၊ သဘောထားဖြူစင်၍ သူတစ်ပါးကိုလည်း စေတနာထက်သန်စွာ ကျွေးမွေးပေးကမ်းတတ်ပြီး မိမိကို စေတနာဖြင့် ပေးကမ်းလျှင်လည်း ဝမ်းမြောက်ဝမ်းသာ လက်ခံတတ်ကြသည်။

လူတစ်ဦးအပေါ် ယုံကြည်မိလျှင် ချွင်းချက်မရှိ ယုံကြည်တတ်၍ စိတ်နာအောင်ပြုလာသူကိုလည်း စွဲလမ်းစွာမုန်းတီးတတ်သည်။ နာဂတိုင်းရင်းသားတို့သည် မိမိတို့အပေါ် ကောက်ကျစ်စဉ်းလဲခြင်း၊ လိမ်လည်ခြင်း၊ အန္တရာယ်ပြုခြင်း မပြုလုပ်သူများအပေါ် မည်သည့်အခါမျှ အန္တရာယ်မပြုတတ်ကြပေ။ မိမိကစပြီး သူတစ်ပါးကို အန္တရာယ်မပေးတတ်ကြခြင်းပင်ဖြစ်သည်။

## နာဂတိုင်းရင်းသားများ၏ရိုးရာ ''ပန်''

ကျေးရွာတစ်ရွာ၌ အိမ်ခြေအနည်းအများပေါ်မူတည်၍ ''ပန်''တစ်ပန်လျှင် (၁၀)အိမ် သို့မဟုတ် (၁၅)အိမ်၊ သို့မဟုတ် (၂၀)အိမ် စသည်ဖြင့် စုဖွဲ့၍ တစ်ပန်လျှင် ပန်သူကြီး တစ်ဦးစီထားရှိပါသည်။ ၎င်းပန်သည် ရပ်ရွာ၏ အကောင်းအဆိုးလုပ်ငန်းကိစ္စမှန်သမျှ ပေါ်ပေါက်လာပါက စုစည်းရာနေရာ၊ အစည်းအဝေးပြုလုပ်ရာ နေရာဖြစ်ပါသည်။ အဆိုပါ ''ပန်'' အဆောက်အဦးထဲတွင် ပန်တုံး(သစ်သာတုံးကြီးအား ပုံဖေါ်၍ အတွင်း၌အခေါင်းပုံသွင်းထားသည့် သစ်တုံး)ထားရှိပါသည်။ ၎င်းပန်တုံးသည် ရပ်ရွာ၌ ကိစ္စကြီးငယ်ပေါ်ပေါက်လာပါက ပန်သူကြီးဖြစ်သူက ရပ်ရွာလူထုအား အချက်ပေးတုံးခေါက်ရပါသည်။ ထိုသို့အချက်ပေးတုံးခေါက်ရာ၌ အသံသင်္ကေတဖြင့် တီးခေါက်ရပါသည်။ အစည်းအဝေးဖိတ်ခေါ်နည်းအသံ၊ ပွဲကရန်ဖိတ်ခေါ်နည်းအသံ၊ နာရေးကိစ္စဖိတ်ခေါ်နည်းအသံနှင့် ရန်သူအခြေအနေအား သတိပေးသည့်အသံ စသည်ဖြင့် ပန်တုံးတီးခေါက်ခြင်း ပြုလုပ်လျှက်ရှိပါသည်။

ရဲဝင်း

သထပ၊ ခန္တီး

www.dhammaransi.com



# ကျောင်းထားပေးပါ

ဒေါ်သန်းနွဲ့ (ပညာရေး)

နိုင်းစေဖို့ခေါ်ထားသော ကလေးများကို နှိပ်စက်သောသတင်းများကို ကြားသိရသော အခါ စာရေးသူကိုယ်တိုင်တွေ့ကြုံရသော ကိုယ်တွေ့များကို စာဖတ်သူများကို ဗဟုသုတအနေဖြင့် သိစေချင်ပါသည်၊ လောကကြီးသည် ပုံမှန်ဖြစ်ပျက် ပြောင်းလဲတတ်သည်ကို သိစေချင်ပါသည်။

တောမြို့ကလေးတွင် အိမ်ပေါင်း ၃၀၀ခန့်ရှိပါသည်။ ဦးမောင်ငယ်၊ ဒေါ်တင်မြတွင် သားသမီး(၉)ယောက်ရှိပါသည်။ ဦးမောင်ငယ်၊ ဒေါ်တင်မြ အိမ်ထောင်ကျစတွင် ကွင်းထဲ၌ တဲထိုးနေရပါသည်။ ဦးမောင်ငယ်က စာရင်းငှါးလုပ်သည်၊ ဒေါ်တင်မြက အိမ်မှာ ဝက်၊ ကြက်၊ ဘဲမွေးသည်။ ဒေါ်တင်မြက စာရေးသူကို "ငါကလေးတစ်နှစ်တစ်ယောက်သာ မွေးတာ ကလေးမွေးကာနီးရက်အထိ စပါးရိပ်တယ်" ဟု ပြောပါသည်။ ကိုမောင်ငယ်က သူများလယ်ကို စာရင်းငှါးလုပ်ပြီးချိန်တွင် အိမ်ပြင်သောအလုပ်ကို တစ်ရွာလုံးနဲ့လိုက်လုပ်သည်။ ရွာအနီးအနားတွင် အိမ်မိုး၊ အိမ်ကာ၊ အိမ်ခင်းအလုပ်များကို သပ်သပ်ရပ်ရပ်စေတနာဖြင့် ပြုလုပ်ပေးသည်။ တောရွာနေသူများက မိမိတို့အိမ်ကို စနစ်တကျပြင်ပေးလျှင် လုပ်ခအပြင်၊ ဆန်များ၊ ကြက်ဥများ၊ ငပိ၊ ငါးခြောက်များ ပေးတတ်ပါသည်။ လင်မယားနှစ်ယောက် ကြိုးစားအလုပ်လုပ်ခြင်းဖြင့် ရွာထဲတွင် အိမ်တစ်လုံးဝယ်နိုင်ပါသည်။ ကလေးများကလည်း ထင်းကောက်ခြင်း၊ နောက်ချေးစုခြင်း၊ ကွမ်းရူးခြင်း၊ မိဘအလုပ်များကို ဝိုင်းလုပ်ပါသည်။ ကိုယ်မောင်ငယ် မတင်မြတို့သည် ကလေးများကို ကျောင်းထားပါသည်။ ကလေးများသည် (၁၀)တန်းအောင်သွားပါသည်။ သင်တန်းများတက်၍ သူနာပြုများ၊ ကျောင်းဆရာများဖြစ်သွားကြပါသည်။ အချို့ကလေးများသည် မိမိတို့အိမ်တွင် ကုန်စုံဆိုင်များ၊ အလှကုန်များ၊ လယ်ယာသုံးပစ္စည်းဆိုင်များ၊ အထည်ဆိုင်များ ဖွင့်ပြီး ရောင်းကြပါသည်။ အကိုအကြီးဆုံးက ဖယောင်းတိုင်လုပ်ငန်းဖြင့် ရွာအနီးအနားမှ မှာယူသမျှကို လက်မလယ်အောင် ဖယောင်းတိုင်များရောင်းရပါသည်။ ကိုမောင်ငယ် မတင်မြ

www.dhammaransi.com

မိသားစုသည် ဘုန်းကြီးကျောင်း၌ ဇရပ်ကြီး တစ်ဆောင်လှူဒါန်းပါသည်။ ရွာတွင်းရှိ လှူမှုရေးအသင်းများတွင် ဦးဆောင်၍ ငွေများလှူဒါန်းပါသည်။ သက်တမ်းကုန်၍ ဦးမောင်ငယ်နေမကောင်းသောအခါ သားသမီးများက လိုလေသေးမရှိပြုစုပါသည်။ သေဆုံးသောအခါတွင် အလှူအတန်းများပြုလုပ်၍ ဘုန်းကြီးကျောင်းတွင် အဆောက်အဦးများ လှူဒါန်းပါသည်။ ဦးမောင်ငယ်သေဆုံးသေအခါ ဂူသွင်းသဂြိုဟ်ပြီး ဂူပတ်ဝန်းကျင်တွင် ထိုင်ခုံများအုတ်များဖြင့် တည်ဆောက်ပြီး အမိုးအကာ၊ ဇရပ်အဖြစ်တည်ဆောက်ထားပြီး လူနားနေဆောင်အဖြစ် တည်ဆောက်ထားပါသည်။ သူ့သားသမီးတွေက ဖခင်အုတ်ဂူကို နေ့စဉ်သန့်ရှင်းရေးလုပ်ပါသည်။ မိခင်ဒေါ်တင်မြကိုလည်း ဆေးဖိုးတစ်လ ၂-သိန်းကုန်သည်ဟု ပြောပါသည်။ သမီးအထက်တန်း သူနာပြုဆရာမက တစ်ပတ်တစ်ခါ ဆေးစစ်ပေးပါသည်။ သူတို့မိသားစုသည် အပျော်အပါးအလောင်းအစားမရှိပါ တစ်ရွာလုံးက အတုယူရသော စံပြမိသားစုဖြစ်ခဲ့ပါသည်။ သူတို့သားသမီးများကို မည်သည့်အိမ်မှုနိုင်းစေရန်မပို့ပါ။ မိမိအရွယ်နှင့်လိုက်ဖက်သော အလုပ်ကိုလုပ်ပြီး ပညာသင်ကြားကြပါသည်။ မိဘက ကျောင်းထားပေးပါသည်။ ၁၀-တန်းအောင်သောအခါ အလုပ်လုပ်ရင်း ဘွဲ့ရရန် ပညာဆက်သင်၍ ရာထူးတိုးမြှင့်သွားကြပါသည်။ လင်မယားနှစ်ဦးလုံး ၁၀-တန်းပင် မအောင်ပါ မိဘမေတ္တာတရားဖြင့် သားသမီးများဘဝကို လူတော်လူကောင်းများဖြစ်ရန် ပြုစုပျိုးထောင်သည်မှာ အတုယူဘွယ်ဖြစ်ပါသည်။ စာရေးသူ၏အမျိုးများဖြစ်ပါသည်။ မိဘပီသသူများဖြစ်ကြပါသည်။

နောက်တစ်ဦးမှာ အတုယူဘွယ်ဖြစ်ပါသည်။ တရားရစရာဖြစ်ပါသည်။ မောင်အေးသောင်းနှင့် မလှခင် လင်မယားသည် ကျောင်းတွင် ယောက်ျားက ကျောင်းစောင့် မိန်းမက သန့်ရှင်းရေးဖြစ်ပါသည်။ သားသည် ၁၉-နှစ်အရွယ်ရှိပြီး သမီးသည် ၁၆-နှစ်အရွယ်ဖြစ်ပါသည်။ သမီးငယ်က အားကစားထူးချွန်ပါသည်။ သားက ၁၀-တန်း ၂-ခါကျပြီး ကျောင်းထွက်သွားပါသည်။ သမီးသည် အားကစားထူးချွန်သဖြင့် တစ်ကျောင်းလုံးအားပေးပါသည်။ မိခင်က သမီးကို ချစ်လွန်းသဖြင့် အားကစားတော်လွန်းလျှင် အရွေးခံရမည်စိုးသဖြင့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်မပြိုင်စေပါ။ ၁၀-တန်းနှစ်ခါကျသော သားသည် မျက်စိတစ်ဖက်က

www.dhammaransi.com



စားရင်းပျက်စီးသွားပါသည်။ စာရေးသူက ဆေးရုံတက်ခါ ငွေကုန်ကျခံ၍ လိုက်ပို့ပါသည်။ နောက်တစ်ခါ ချိန်းသောအခါ ''ဆရာမလိုက်ပို့ရင်သွားမယ်၊ ကျမတို့ သားအမိနှစ်ယောက်ထဲ မသွားချင်ဘူး'' ဟု ပြောပါသည်။ ကျမလမ်းစရိတ်ပေးသောအခါ သွားမည်ပြောပြီး မသွားတော့ဟု ကြားသိရပါသည်။ မောင်အေးသောင်းနှင့် မလှခင် လင်မယားနှစ်ယောက်လုံး ၃-လသာ ခြားပြီး ကွယ်လွန်သွားကြပါသည်။ သားက ကျောင်းစောင့် အလုပ်ရသွားပါသည်။ သမီးက စာမေးပွဲကျပြီး ဈေးရောင်းနေပါသည်။ စာရေးသူမိတ်ဆွေများက ''သူငယ်ချင်းကစိတ်ကူးယဉ်နေတာ သူတို့က သူတို့ဘဝနဲ့သူတို့ပျော်နေတာ ဘွဲ့ရဖို့၊ ရာထူးရဖို့ မလိုဘူး။ ရောက်တဲ့ဘဝမှာ ပျော်ပျော် ရွှင်ရွှင်နေကြတာ''ဟု စာရေးသူကို ပြောပြပါသည်။ စာရေးသူက ကလေးတိုင်း စာတတ်စေချင်သည် ပညာတတ်ဖြစ်စေချင်သည်။ ဘဝမြင့်တက်စေချင်ပါသည်။ သူငယ်ချင်းတစ်ယောက်က ပြောဘူးပါသည်။ အားလုံးကဆရာဝန်တွေ ပါမောက္ခတွေ၊ ဆရာတွေ၊ ပညာရှင်တွေဖြစ်သွားရင် အိမ်အကူတွေ၊ အလုပ်သမားတွေ၊ အရောင်းအဝယ်သမားတွေ လိုအပ်သော အလုပ်သမားတွေ ဘယ်သူလုပ်မလဲ'' ဟု စာရေးသူကို ခပ်တည်တည်ဖြင့် ပြောကြပါသည်။ ပညာတတ်ပြီး ကိုယ်ဝါသနာပါသော စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်နေသောသူများသည် မိမိလုပ်သော အလုပ်ကို အောင်မြင်သည်ကို တွေ့ဘူးပါသည်။ မိမိတတ်ထားသော ပညာဖြင့် လုပ်မစားချင်သော်လည်း ပညာတတ်ထားလျှင် အသိဉာဏ်ရင့်သန်၍ ဗဟုသုတ ကြွယ်ဝကာ အစစအရာရာ လူတကာထက်သာသည်များ တွေ့ဘူးပါသည်။

မိဘတိုင်းသည် သားသမီးကိုချစ်ကြပါသည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင် ပတ်ငါးအင်၊ ဖခင်မယ်တို့တာ''ဆိုသကဲ့သို့ မိဘတိုင်းသည် သားသမီးများအား ကျောင်းထားပေးစေချင်ပါသည်။ စာတတ်အောင် သင်ပေးရပါမည်။ ကလေးငယ်များကို မိဘရင်ခွင်တွင်ထား၍ အတတ်ပညာသင်ပေးရပါမည်။ သူများအိမ်၌ ခိုင်းရန်ပေးမထားသင့်ပါ၊ အနှိုင်းမဲ့မေတ္တာရှင်မိဘများ၊ သားသမီးများအတွက် ပင်ပန်းကြီးစွာ ရှာဖွေကျွေးမွေးပညာသင်ကြားပေးသောမိဘများအား ဤဆောင်းပါးဖြင့် ရှိခိုးပူဇော်လိုက်ပါသည်။

**ဒေါ်သန်းနွဲ့**
**(ပညာရေး)**

www.dhammaransi.com



# ဘာသာတရားနှင့်ယဉ်ကျေးလိမ္မာ

ဒေါက်တာအရှင်လာဘသာမိ

မြတ်ဗုဒ္ဓသည် လောကၶ အမြတ်ဆုံးဖြစ်သည်။ အယဉ်ကျေးဆုံးသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သူတစ်ပါးကိုလည်း ယဉ်ကျေးအောင် ဆုံးမတော်မူသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမများ (**Advices**)ကို လိုက်နာကျင့်သုံးနေထိုင်သူသည် ကမ္ဘာပေါ်တွင် အယဉ်ကျေးဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ ယဉ်ကျေးမှုဟူသည် အမြင်အကြားအားဖြင့် ရိုင်းစိုင်းကြမ်းတမ်းသော ကိုယ်အမူအရာ နှုတ်အမူအရာတို့မှ ကင်းရှင်းခြင်းဖြစ်သည်။ မြတ်ဗုဒ္ဓသည် လောကသားတို့အား ကိုယ်အမူအရာယဉ်ကျေး၍ စည်းကမ်းရှိရန်၊ အပြောအဆိုယဉ်ကျေး၍ စည်းကမ်းရှိရန်၊ စိတ်နေစိတ်ထားယဉ်ကျေး၍ စည်းကမ်းရှိရန် တရားဓမ္မများကို ဟောတော်မူခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကျင့်သုံး၍ နေထိုင်ရမည်ဖြစ်သည်။

လူငယ်တို့သည် ပင်ကိုယ်ပကတိအားဖြင့် ရိုးသားဖြူစင်သည်။ အတွေးအမြင်သည်လည်း နုနယ်သေးငယ်သည်။ မြတ်ဗုဒ္ဓ၏ အဆုံးအမများကို သင်ယူရမည်ကို နားမလည်။ လူ့ဘဝ၏ အခြေခံ ကျင့်ဝတ်များကို ကျင့်သုံးရသည်ကို မသိ။ အနာဂတ်လူ့ဘောင်ကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ကို သဘောမပေါက်။ အောင်မြင်ရေးနည်းလမ်းကောင်းကို တီထွင်ကြံဆရမည်ကို မတွေးတော မစဉ်းစား။ အပျော်အပါးနှင့်စပ်ယှဉ်သည့် အတွေးအကြံများကိုသာ တွေးတောကြံစည်တတ်သည်။ အတွေးသည် အမျိုးမျိုးရှိသည်။ ရုပ်ရှင်ကြည့်လျှင် ပျော်ရွှင်စရာကောင်းသည်။ လဘက်ရည်ဆိုင်ထိုင်လျှင် ကြည်နူးစရာကောင်းသည်။ ဂိမ်းဆော့ကစားလျှင် လွတ်လပ်သည်။ သူငယ်ချင်းများနှင့် ခရီးထွက်လျှင် ပျော်ရွှင်နှစ်သက်စရာကောင်းသည်။ ဘဝဆုတ်ယုတ်ကြောင်းနှင့်ဆက်စပ်သည့် အတွေးအမြင်များလည်းရှိသည်။ ပညာရေးနှင့်စပ်သည့် အတွေးအမြင်လည်း ရှိသည်။ အောင်မြင်ရေးနှင့်စပ်သည့် အတွေးအကြံလည်း ရှိသည်။ ဘိုးဘွားရိပ်သာၶ ထမင်းလှူဒါန်းလျှင် ကုသိုလ်ရသည်။ ဘုရားရှိခိုးလျှင် ကုသိုလ်ဖြစ်သည်။ ဘုရားကျောင်းတော်သွားမည့်အတွေးအမြင်၊ တရားထိုင်မည့် အတွေးအမြင်၊ ဘဝတိုးတက်ရေးနှင့်စပ်လျဉ်းသည့် အတွေးအမြင်များလည်း ရှိသည်။

လူငယ်များသည် ဘဝအောင်မြင်ရေးအတွက် အဓိပ္ပာယ်ပြည့်သည့် အတွေးအကြံကို တွေးကြံတတ်သည်က နည်းပါးသည်။ အစီးအပွားနှင့် စပ်ယှဉ်သည့် ကောင်းကျိုးဖြစ်မည့် အတွေးအမြင်ကို တွေးမြင်တတ်သည်က နည်းပါးလှသည်။ မိဘများသည် မိဘမရှိတော့လျှင် အုပ်ထိန်းသူများသည် သားသမီးတို့အား အစစအရာရာ စနစ်ကျအောင်၊ အကျိုးအကြောင်း၊ အဆိုး

www.dhammaransi.com



အကောင်း၊ အမှားအမှန်၊ နည်းမှန်၊ လမ်းမှန်၊ နားလည်အောင် ဆုံးမသွန်သင်ပေးရသည်။ ရိုးသားမှန်ကန်ရန်၊ ကြိုးစားအားထုတ်ရန်၊ စည်းကမ်းရှိရန်၊ တရားမျှတမှုရှိရန်စသည့် ကောင်းမြတ်သော အမူအကျင့်ကို လေ့ကျင့်ပေးရသည်။ ပြုစုပျိုးထောင်ပေးရသည်။ လူငယ်တို့သဘာဝ သင်ပြပေးမှ တတ်မြောက်သည်။ ရှင်းပြပေးမှ သဘောပေါက်သည်။ ဆုံးမပေးမှ နားလည်သည်။ လက်ကမ်းပေးမှ လာတတ်သည်။ ညွှန်ကြားပေးမှ သွားတတ်သည်။ ပြုစုပျိုးထောင်ပေးမှ ကြီးပွားတိုးတက်မည်ဖြစ်သည်။ ဤသဘောသည် သက်ရှိလူသား၌သာ ဖြစ်သည်မဟုတ်။ သစ်ပင်စိုက်ပျိုးရာ သက်မဲ့၌လည်း ဖြစ်သည်။ သစ်ပင်စိုက်ပျိုးသူသည် ကောင်းမွန်စွာ ရှင်သန်စေရန် မြေသြဇာကျွေးရသည်။ ရေလောင်းပေါင်းသင်ပေးရသည်။ နုနုရွရွ ပျိုးထောင်ပေးရသည်။ သို့မှသာ သက်မဲ့ဖြစ်သော သစ်ပင်များသည် ကြီးထွားဖြစ်ထွန်းနိုင်သည်။ ဝေဖြာနိုင်သည်။

လူငယ်များသည်လည်း ဤနည်းတူဖြစ်သည်။ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေးစသည့် ပညာရပ်များကို လမ်းညွှန်ပေးရသည်။ ယဉ်ကျေးလိမ္မာရန် မြတ်ဓမ္မများကို သင်ကြားပေးရသည်။ ပေါင်းသင်းဆက်ဆံတတ်ရန် ပြောဆိုပေးရသည်။ လူ့အဖွဲ့အစည်းများနှင့်အံဝင်ခွင်ကျ ဆောင်ရွက်တတ်ရန် တည်ဆောက်ပေးရသည်။ ဘာသာရေးကဏ္ဍ၏ အရေးကြီးပုံ၊ လူ့အဖွဲ့အစည်း၏ အဝန်းအဝိုင်းကြီးမားပုံ၊ ပညာရေးကဏ္ဍ၏ ကျယ်ပြန့်ပုံကို ပြောကြားပေးရသည်။ အဖွဲ့အစည်းအသီးသီးတွင် ကျရာအခန်းကိုထမ်းဆောင်တတ်ရန် တည်ဆောက်ပေးရသည်။

ယနေ့ဗုဒ္ဓဘာသာဝင် လူငယ်များသည် ဘာသာရေး အသိအမြင်များ နည်းပါးနေသည်။ မြတ်စွာဘုရားဘယ်အရပ်၌ ပွင့်တော်မူသလဲဟု မေးလျှင် မဖြေနိုင်သူက များသည်။ မြတ်စွာဘုရားသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကျော်က အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် (ယခုခေတ်အမည်)၊ ဗုဒ္ဓဂယာ မြေမြတ်မဟာ၌ရှိသော မဟာဗောဓိပင်ကို အမှီပြု၍ ပွင့်တော်မူခဲ့သည်။

မိမိကိုးကွယ်ရာ ဘာသာတရား၏ အထွဋ်အမြတ်ထားရာ ကျောင်းဟူသောအဓိပ္ပာယ်ကို နားမလည်သူကများသည်။ ကျောင်းဟူသည် မကောင်းသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ မဖြစ်ပွားအောင် ထိန်းကျောင်းပေးသည့် နေရာကို ခေါ်ဆိုခြင်းဖြစ်သည်။ ဒုစရိုက်ပြစ်မှုများ မဖြစ်ပွားအောင် ထိန်းကျောင်းပေးသည့် နေရာကို ကျောင်း၊ ဘုန်းကြီးကျောင်းဟု ခေါ်ဆိုသည်။ ကျောင်းတော်သို့ရောက်လျှင် မြတ်ဗုဒ္ဓအား ပန်းဆီမီးကို လှူဒါန်းခြင်း(offering)ဖြင့်လည်းကောင်း၊ တရားဓမ္မများကို နာယူမှတ်သားခြင်း(Listening)ဖြင့်လည်းကောင်း၊ ဓမ္မစာပေ၊ ဘာသာရေးစာပေများကို ဖတ်ရှုလေ့လာခြင်း(Reading Religious Books)ဖြင့်လည်းကောင်း၊ တရားဓမ္မများကို ဆွေးနွေး

www.dhammaransi.com

ခြင်း(Discussions)ဖြင့် လည်းကောင်း၊ ဝိပဿနာတရားကို ရှုမှတ်ခြင်း(ဝါ) တရားထိုင်ခြင်း (Insight Meditation)ဖြင့်လည်းကောင်း၊ သန့်ရှင်းရေးစသော သာသနာ့ဝေယျာဝစ္စများ (Sasana's Duties)ကို ပြုလုပ်ခြင်းဖြင့်လည်းကောင်း ကုသိုလ်ယူရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အကုသိုလ်များ မဖြစ်ပွားအောင် ကုသိုလ်တရား မြင့်မားအောင် ထိန်းကျောင်းပေးခြင်းဖြစ်သည်။ ထိုကဲ့သို့ မပြုလုပ်လျှင် (ဗုဒ္ဓအဂါရဝ)ဘုရားကို မရှိမသေ ပြုရာရောက်သည်။ (ဓမ္မအဂါရဝ) တရားကို မလေးမစားပြုရာရောက်သည်။ (သံဃာအဂါရဝ) သံဃာကို မထေမဲ့မြင်ပြုရာရောက်သည်။ ရတနာသုံးပါးကို မထေမဲ့မြင် (Profanity) ပြုရာရောက်သည်။

တစ်ချို့သော ဗုဒ္ဓဘာသာဝင် လူငယ်လေးများသည် (လူကြီး အချို့အပါအဝင်) ကျောင်းတော်သို့ ရောက်လျှင် ရဟန်းသံဃာများနှင့် ဆုံတွေ့လျှင် 'သြကာသကန်တော့ချီး'ဖြင့် ရွတ်ဆို၍ ကန်တော့ခြင်းကို တစ်ပါးသူကြားအောင် အသံထွက်၍ မဆိုဝံ့။ ရတနာသုံးပါးကို ပူဇော်သည့်အခါ သံပြိုင်ထွက်ကာ ညီညာစေလျက် နာယူချင်ဖွယ်ရာ ကန်တော့တတ်သူက နည်းပါးနေသည်။ ဝစီကံကောင်းမှု ပြုလုပ်ရာ၌ အားနည်းနေခြင်း ဖြစ်သည်။ အသက်အရွယ်ကြီးသူ ဂုဏ်ဝါရှိသူများနှင့် ပြောဆိုသည့်အခါ ရှိသေဟန်မပြ ခါးဆန့်လျက်ပင် ပြောဆိုကြသည်။ အပြောအဆို အသွားအလာ အနေအထိုင် ဆက်ဆံပုံများ ချွတ်ယွင်းနေသည်။ ခေတ်ပညာတတ် အမျိုးသမီးတစ်ဦးသည် သူမ၏လက်ထပ်ပွဲ၌ မင်္ဂလာတရားဟောပေးရန် လျှောက်ထားသည်။ စာရေးသူက သတို့သား၊ သတို့သမီးနှင့် အရန်သတို့သား၊ အရန်သတို့သမီးတို့အား မင်္ဂလာတရားမဟောခင် သြကာသဖြင့် ကန်တော့ခိုင်းသည်။ တစ်လုံးတစ်ပါဒ မည်သည့်အသံမျှ ထွက်ပေါ်မလာ၊ တိုးဆိတ်စွာဖြင့် ပါးစပ်လှုပ်ရုံသာ ကန်တော့ဟန်ပြသည်။ သူတို့သည်များမကြာခင် ဘုရားဝေး၊ တရားဝေး လူမိုက်လေးများ ဖြစ်လာတော့မည် သေချာသည်။ ရင်လေးဖွယ်ရှိပေစွ။

ဗုဒ္ဓဘာသာဝင် လူငယ်များသည် အခြေခံဗုဒ္ဓတရားများကို မဖြစ်မနေ သင်ယူရမည်ဖြစ်သည်။ ဗုဒ္ဓဝါဒသည် ဉာဏ်ဝါဒဖြစ်သည်။ ဗုဒ္ဓသည် ဉာဏ်ဖြစ်သည်။ ဝါဒသည် စကားပြောခြင်းဖြစ်သည်။ ဉာဏ်နှင့်စကား ပြောသည့်ဝါဒဖြစ်သည်။ ဗုဒ္ဓဘာသာသည် အဘယ်နည်းဟူသော အမေးပုစ္ဆာသည် ဗုဒ္ဓဘာသာဝင်လူငယ်တို့၏ အသိဉာဏ်တွင် ရှင်းလင်းစွာ နားလည်ရမည်ဖြစ်သည်။ မြတ်စွာဘုရားကို ဗုဒ္ဓဟု ခေါ်ဆိုသည်။ မြတ်ဗုဒ္ဓဟောသော တရားများကို ဘာသာဟု ခေါ်ဆိုသည်။ ဘုရားစကားတော်ကို ဗုဒ္ဓဘာသာဟု ခေါ်ဆိုသည်။

ဘုရားစကားတော်သည် ဝိနယပိဋက၊ သုတ္တန္တပိဋက၊ အဘိဓမ္မာပိဋကအားဖြင့် ပိဋကသုံးပုံ၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်အား

www.dhammaransi.com



ဖြင့် နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓပေါင်း ရှစ်သောင်း လေးထောင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဘုရားစကားတော်သည် မကောင်းမှု အကုသိုလ်မှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုကုသိုလ်ကို ပြုလုပ်ခြင်း၊ စိတ်ကို ဖြူစင်အောင် ထားခြင်းဖြစ်သည်။ ဘုရားစကားနားထောင်သူကို ဗုဒ္ဓဘာသာဝင်ဟု ခေါ်ဆိုသည်။

ရတနာသုံးပါး၏ သဘောအဓိပ္ပါယ်ကို လည်း နားလည်ထားရမည် ဖြစ်သည်။ ဗုဒ္ဓ ဟူသည် နှိုင်းယှဉ်ပြစရာမရှိသည့် အနန္တကျေး ဇူးရှင် ဂေါတမမြတ်စွာဘုရားဖြစ်သည်။ ဓမ္မ ဟူသည် လူ့အဆင့်အတန်း၊ လူနေမှုအဆင့် အတန်းကို မြှင့်တင်ပေးတတ်၊ မြှင့်ဆောင်ပေး တတ်သော တရားများဖြစ်သည်။ သံဃာဟူ သည် လောဘ ဒေါသစသော ကိလေသာ တရားကို ညှင်းဆဲတတ်သူ၊ သို့မဟုတ် တရား ဓမ္မများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့် ရှောက်သယ်ပိုးတတ်သော ရဟန်းများဖြစ်သည်။ ဗုဒ္ဓဘာသာတွင် ကိုယ်ကျင့်သီလတရားများရှိ သည်။ ကိုယ်ကျင့်သီလဟူသည် မကောင်းမှု ဒုစရိုက်ကို မကျူးလွန်အောင် လုံလုံခြုံခြုံ စောင့် ထိန်းခြင်းဖြစ်သည်။ လောကလူသားတို့ စောင့် ထိန်းရသော ငါးပါးသီလနှင့် အာဇီဝဋ္ဌမက သီလသည် နိစ္စသီလ နေ့စဉ်ကျင့်သုံးရသော သီလဖြစ်သည်။ (The Moral Precepts) ကိုယ်ကျင့်သီလတရားဖြစ်သည်။ လပြည့်လ ကွယ်၊ (၈)ရက် ဥပုသ်နေ့၊ အချိန်ရလျှင်ရသလို စောင့်ထိန်းရသော ရှစ်ပါးကိုးပါးစသော သီလ သည် အနိစ္စသီလ ဖြစ်သည်။ နေ့စဉ်ကျင့်သုံး အပ်သော နိစ္စသီလဟူသည်-

* သူတစ်ပါးအသက်ကိုသတ်ခြင်းမှ ရှောင် ကြဉ်ခြင်း၊
* သူတစ်ပါးဥစ္စာကို ခိုးယူလုယက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
* သူများသားမယားကို ပြစ်မှားလွန်ကျူး ခြင်းမှ ရှောင်ကြဉ်ခြင်း၊
* လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း၊
* အရက်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံး စွဲခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြစ်သည်။

အသက်မွေးဝမ်းကြောင်း စင်ကြယ်မှုနှင့်စပ်သော အာဇီဝဋ္ဌမကသီလသည်လည်း နိစ္စသီလ ဖြစ် သည်။ ထိုသီလသည်-

* မုဆိုးတံငါလုပ်၍ ပစ္စည်းဥစ္စာရှာဖွေခြင်း မှ ရှောင်ကြဉ်ခြင်း၊
* သူခိုး၊ ဓားပြလုပ်၍ ပစ္စည်းဥစ္စာရှာဖွေ ခြင်းမှ ရှောင်ကြဉ်ခြင်း၊
* ကာမမှုဖျက်ဆီး၍ ပစ္စည်းဥစ္စာရှာဖွေခြင်း မှ ရှောင်ကြဉ်ခြင်း၊
* လိမ်ညာရောင်းဝယ်၍ ပစ္စည်းဥစ္စာရှာဖွေ ခြင်းမှ ရှောင်ကြဉ်ခြင်း၊
* ရန်တိုက်ပေး၍ ပစ္စည်းဥစ္စာရှာဖွေခြင်းမှ ရှောင်ကြဉ်ခြင်း၊
* ကြမ်းတမ်းစွာ ဆဲဆိုပြောဆို၍ ပစ္စည်းဥစ္စာ ရှာဖွေခြင်းမှ ရှောင်ကြဉ်ခြင်း၊

www.dhammaransi.com



* ပြိန်းဖျင်းစွာပြောဆို၍ ပစ္စည်းဥစ္စာရှာဖွေခြင်းမှ ရှောင်ကြဉ်ခြင်း၊

ထို(၇)ပါးကို ရှောင်ကြဉ်ရန်နှင့် -

* လက်နက်ရောင်းဝယ်၍ အသက်မွေးမှု မပြု၊

* လူကုန်ကူး၍ အသက်မွေးမှုမပြု၊

* သတ္တဝါကိုသတ်၍ အသားရောင်းစားခြင်းဖြင့် အသက်မွေးမှုမပြု၊

* အရက်မူးယစ်ဆေးဝါးရောင်းဝယ်၍ အသက်မွေးမှုမပြု၊

* အဆိပ်ရောင်းဝယ်၍ အသက်မွေးမှု မပြုခြင်းသည် အာဇီဝဋ္ဌမကသီလ ဖြစ်သည်။

ထိုကိုယ်ကျင့်သီလများကို နေ့စဉ်နေ့တိုင်း ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မြင့်မြတ်၍ အထက်တန်းကျသောဘဝ(A Noble Way of Life)ကို တည်ဆောက်ပေးနိုင်သည်။

မိဘတို့သည် လူငယ်တို့အား ဘာသာတရားကို အခြေခံ၍ နည်းလမ်းကျကျ အဆင့်မြှင့်တင်ပေးရမည်ဖြစ်သည်။ အခြေခံကျင့်ဝတ်တရားကို ခိုင်မာစေ၍ လှပသော ဘဝဖြစ်အောင် တည်ဆောက်ပေးရမည်ဖြစ်သည်။ အလင်းရောင်ပေးနိုင်သည့် ဘာသာရေးတံခါးပေါက်ကို ဖွင့်လှစ်ပေးရမည်ဖြစ်သည်။ မှန်ကန်စွာ ကိုးကွယ်ဆည်းကပ်ရန် လမ်းပြပေးရမည်ဖြစ်သည်။ စားတတ်၊ သွားတတ်၊ ဝတ်တတ်၊ ပြောဆိုတတ်၊ နေထိုင်တတ်၊ ဆက်ဆံတတ်၊ လုပ်ကိုင်ဆောင်ရွက်တတ်အောင် သွန်သင်ပေးရမည်ဖြစ်သည်။ လူငယ်တို့၏ဘဝ ဘက်စုံမျက်နှာစာ သာယာလှပအောင် ထုဆစ်ပေးရမည်ဖြစ်သည်။ ကြီးပွားတိုးတက်အောင် ဝိုင်းဝန်းကူညီမြှင့်တင်ပေးရမည်ဖြစ်သည်။

လူငယ်တို့သည် မိဘများက အပြစ်မြင်သဖြင့် ဆုံးမပါက လိုက်နာရသည်။ မလုပ်သင့်ဟု ပြောဆိုသည်ကို နာခံရသည်။ ကောင်းကျိုးရှိသည် ပြုလုပ်သင့်သည်ဟု သွန်သင်သည်ကို နာယူရသည်။ အကြံကောင်းဉာဏ်ကောင်း၊ အောင်မြင်ရေး နည်းလမ်းကောင်းကို လိုက်နာကျင့်သုံးရသည်။ မိမိတို့ကိုယ်တိုင် စိတ်ပါလက်ပါ လေ့ကျင့်သင်ယူနိုင်(Self-educated)ပါမှ တတ်မြောက်လွယ်သည်။ မိဘနှင့်သားသမီး ဆရာနှင့်တပည့်၊ ကြီးသူနှင့်ငယ်သူ လက်တွဲ စုံညီ အချိုးညီလျက် သွန်သင်ပေးမှု အဦးရယူနိုင်မှ ယဉ်ကျေးလိမ္မာဖြစ်သည်။ လူကောင်းသူကောင်းဖြစ်နိုင်သည်။ လူရည်ချွန်သူရည်ချွန် ဖြစ်နိုင်သည်။ လူမျိုးနှင့် ဘာသာအတွက် အားကိုးထိုက်သူ ဖြစ်နိုင်သည်။

ငယ်ရွယ်စဉ်က ဘာသာတရားနှင့် ဝေးကွာခြင်းသည်၊ သို့မဟုတ် ဘာသာတရားကို မလေ့လာခြင်းသည် လူ့ဘဝ၏တန်ဖိုးကို မသိနားမလည်နိုင်။ အသက်အရွယ်ကြီးသည့်တိုင် အရာရာကို မလေးစားခြင်းက နေရာယူတတ်သည်။ အဆိုးတရားကို အကောင်းထင်၍ ပြုကျင့်သည်။ အကောင်းတရားကို အဖုအထစ်အပြစ် မြင်သည်။ အမှောင်ထုကမ်းပါး၌ အလွဲလွဲအမှားမှား အသိဉာဏ်တရား လျောင်ပိဟ်ခံ

www.dhammaransi.com



လျက် နစ်မြုပ်နေတက်သည်။ အောင်မြင်သည့်ဘဝကို တည်ဆောက်ရန် ထိန်းကွပ်နိုင်သည့်နည်းလမ်းမရှိ၊ စွမ်းအားမရှိ ဖြစ်သည်။

ဘာသာတရား အထိန်းအကွပ်မရှိခြင်းသည် ရိုင်းချင်တိုင်း ရိုင်းသည်။ ကြမ်းချင်တိုင်း ကြမ်းသည်။ အရက်သေစာသောက်ချင်တိုင်း သောက်သည်။ မူးယစ်ဆေးဝါး သုံးချင်တိုင်း သုံးစွဲသည်။ အသက်အရွယ်ငယ်ငယ်နှင့်ဘဝများ ပျက်စီးချင်တိုင်း ပျက်စီးဆုံးရှုံးရသည်။ ဘာသာတရားကို လေးနက်စွာ ဆည်းကပ်သူသည် ဒုစရိုက်မှု ပြုလုပ်ရမှာ စိုးကြောက်သည်။ ယဉ်ကျေးလိမ္မာသူသည် မိမိဘဝ တိုးတက်ကြီးပွားရေးကို အဆင့်ဆင့် ကြိုးစားအားထုတ်သည်။ မိဘများသည် လူငယ်လူရွယ်တို့အား အချိန်မီ ထိန်းသိမ်း ပြုပြင်ပေးနိုင်ရမည်ဖြစ်သည်။ ပြုစုပျိုးထောင်ရေးသမားမိဘများသည် သားသမီးတို့အား ယဉ်ကျေးလိမ္မာအောင် အနာထပိဏ်သူဌေးမှ နည်းယူလျက် သွန်သင်ဆုံးမပေးရမည်ဖြစ်သည်။

အနာထပိဏ်သူဌေးကြီးသည် ရတနာသုံးပါးကို အလွန်ကြည်ညိုသူဖြစ်သည်။ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။ နေ့စဉ် ကျောင်းတော်သို့ သွားရောက်လေ့ရှိသည်။ ကျောင်းတော်တွင် လိုအပ်သည်ကို ဖြည့်ဆည်းရန်နှင့် နောင်လာနောင်သားတို့ အတုယူနိုင်ရန် မြတ်ဗုဒ္ဓကို ဖူးမျှော်ရန်ဖြစ်သည်။ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးသော သံဃာတော်များကို နေ့စဉ် ဆွမ်းလှူဒါန်းသည်။ နေ့စဉ် နေ့တိုင်း ရဟန်းတော်နှစ်သောင်းခန့်ကို ဆွမ်းလှူဒါန်းရန် သမီးသုံးယောက်ကို အလှည့်ကျဦးစီးလုပ်ကိုင်စေလျက် တာဝန်ပေးသည်။ သမီးများသည် မြတ်ဗုဒ္ဓ၏ အဆုံးအမများနှင့် ရင်းနှီးလျက် သောတာပန်များ ဖြစ်သွားကြသည်။ သမီးငယ် သုမနာသည် သကဒါဂါမ်အထိဖြစ်သည်။ သူဌေးကြီးသည် မိဘတာဝန်ကျေပွန်သည်။ မိဘတို့ဝတ်တရား ကျေပွန်သည်။ သမီးသုံးယောက် သောတာပန်ဖြစ်သွားသော်လည်း သားဖြစ်သူ မောင်ကာလသည် မြတ်ဗုဒ္ဓထံသို့ မသွား၊ ကျောင်းတော်ကိုလည်း မရောက်၊ မြတ်ဗုဒ္ဓ အိမ်ကြွလာစဉ်လည်း မဖူးမျှော်၊ မြတ်ဗုဒ္ဓ ဟောသည့်တရားကိုလည်း မနာယူ၊ ဆုံးမစကားကိုလည်း နားမထောင်၊ သံဃာ့ဝေယျာဝစ္စကိုလည်း မဆောင်ရွက်။ သောက်စားလျက် အပျော်အပါးများဖြင့် ပျော်ပါးနေသည်။ အပေါင်းအသင်းများနှင့် လေလွင့်နေသည်။ သာသနာနှင့် ဝေးကွာနေသည်။ ဘာသာသွေးမနွေးဘဲ ရှိသည်။ ဖခင်ပြောသော စကားကိုနားမထောင်။ 'ချစ်သား ရတနာသုံးပါးနှင့် ကင်းကွာနေခြင်းသည် မကောင်း'ဟူသော ဆုံးမစကားကို မနာယူ။ သူဌေးကြီးသည် သားငယ်ကို ရတနာသုံးပါးမှ ဝေးကွာလျက် မှားယွင်းသော မိစ္ဆာအယူကို စွဲကိုင်ယူ၍ အဝီစိငရဲ၌ ဖြစ်လိမ့်မယ်။ ပစ္စည်းဥစ္စာပေး၍ ချော့မော့ကာ ဆုံးမရလျှင် ကောင်းလိမ့်မည်ဟု အကြံအစည်ဖြစ်သည်။

ထိုအကြံအစည်အတိုင်း ချစ်သားဥပုသ်နေ့

www.dhammaransi.com



၌ ကျောင်းသွား၍ ဥပုသ်စောင့်၊ တရားကို နာယူချေ၊ သင့်အား ငွေတစ်ရာပေးမည်ဟု စည်းရုံးပြောဆိုသည်။ ဖခင်ကြီး အမှန်တကယ် ငွေတစ်ရာကို ပေးမှာလားဟု မေးလေသည်။ ချစ်သား အမှန်တကယ်ပေးမည်ဟု ပြောဆိုသည်။ မောင်ကာလသည် ဥပုသ်နေ့၌ ကျောင်းကို သွားသည်။ တရားကိုတော့ မနာယူ။ ကောင်းမြတ်သော နေရာ၌ အိပ်စက်ပြီး၍ အိမ်ကို ပြန်လာသည်။ ကျောင်း၌ အိပ်ပြန်လာသည်။ သူဌေးကြီးသည် ဥပုသ်စောင့်ပြီး ပြန်လာသော သားငယ်အား ယာဂုစသော အစားအစာများကို ကျွေးမွေးသည်။ မောင်ကာလသည် ငွေတစ်ရာမရသေးသဖြင့် စားသောက်ဖွယ်ရာ အာဟာရကို မစား။ ယူလာသည်များကို တော်ပြီဟု တားမြစ်လေသည်။ ပိုက်ဆံမရသေးသဖြင့် မစားခြင်းဖြစ်သည်။

သူဌေးကြီးသည် ကတိအတိုင်း ငွေတစ်ရာကို ပေးသည်။ မောင်ကာလ ငွေတစ်ရာရသောအခါ အစားအသောက်များကို စားသောက်လေသည်။ ဤနည်းဖြင့် မောင်ကာလသည် ဘုန်းကြီးကျောင်းနှင့် နီးစပ်မှု ရှိလာသည်။ ဘာသာတရားနှင့် နီးကပ်မှု ဖြစ်လာသည်။ ဘာသာရေးနှင့်ပတ်သက်၍ ဝင်ရဲထွက်ရဲရှိလာသည်။ နောက်တစ်နေ့ သူဌေးကြီးသည် 'ချစ်သား မြတ်ဗုဒ္ဓဟောသည့် တရားများကို မှတ်သား၍ ပြန်လည်ပြောပြလျှင် ငွေတစ်ထောင်ပေးမည်'ဟု စည်းရုံးပြန်သည်။ မောင်ကာလ ငွေတစ်ထောင်မျက်နှာနှင့် ကျောင်းတော်သို့ သွားပြန်သည်။ မြတ်ဗုဒ္ဓ၏ရှေ့၌ ရှိသေစွာ ဂရုတစိုက် တရားဓမ္မကို နာယူကြည်ညိုသည်။ မောင်ကာလသည် တရားအပေါ် အာရုံကျလျက် တရားနာပြီးသောအခါ သောတာပန်ဖြစ်သွားသည်။ သူဌေးကြီးသည် စိတ်ပိုင်းဆိုင်ရာ ဓမ္မအမွေကို ပေးသည်။ စစ်မှန်သော ဓမ္မအမွေအနှစ်(Spiritual Heritage)ကို ပေးခြင်းဖြင့် ယဉ်ကျေးလိမ္မာစေသည်။ သူဌေးကြီး၏ သားသမီးအပေါ် ဆိုဆုံးမပုံ၊ ကိုင်တွယ်ပုံများကို နည်းခံယူလျက် မိမိတို့၏သားသမီးများကိုလည်း ယဉ်ကျေးလိမ္မာအောင် ပြုပြင်ပေးရမည်ဖြစ်သည်။


ဗုဒ္ဓဘာသာဝင် လူငယ်များသည် ကျောင်းကန်ဘုရားစေတီများသို့ သွား၍ မြတ်ဗုဒ္ဓ၏ တရား၊ ယဉ်ကျေးလိမ္မာသင်တန်းများကို လေ့လာသင်ယူရမည်ဖြစ်သည်။ နေ့စဉ်ဘဝတွင် မြတ်ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာရမည်ဖြစ်သည်။ မြတ်ဗုဒ္ဓအဆုံးအမများသည် ကြမ်းတမ်းသူကို နူးညံ့စေသည်။ ရိုင်းစိုင်းဆိုးမိုက်သူကို ယဉ်ကျေးလိမ္မာစေသည်။ ဘာသာတရား ဝေးကွာသူကို ဘာသာသွေး နွေးထွေးစေသည်။ လူမျိုးကို ချစ်မြတ်နိုးစေသည်။ လူနေမှုဘဝ မြင့်မားစေသည်။ ပူပန်မှုကင်းလျက် ချမ်းသာခြင်းနှင့် ပြည့်စုံစေသည်။ ဘဝလုံခြုံမှုနှင့် ပျော်ရွှင်ချမ်းမြေ့မှုကို ရရှိစေသည်။ လူ့အဖွဲ့အစည်းအသီးသီးတွင် ယဉ်ကျေးစွာပြောဆိုတတ်၊ ဆက်ဆံတတ်၊ လုပ်ကိုင်တတ်၍ အလိမ္မာဆုံးသော ပုဂ္ဂိုလ်ဖြစ်နိုင်ပေတော့သည်။

ဒေါက်တာအရှင်လာဘသာမိ

www.dhammaransi.com



# သင့်သီလ စင်ကြယ်ရဲ့လား



မောင်မောင်-လည်ဝေါက်ရွာ

မြတ်စွာဘုရားရှင်က သူ့တပည့်သာဝကများနှင့် အပြန်အလှန်မေးဖို့ ဖြေဖို့ခွင့်ကြုံရာ၌ ``ချစ်သားရဟန်း သင်ဟာသင့်ကိုသင် သီလဖြင့် မစွပ်စွဲဘဲ ရှိပါရဲ့လား'' ဟု အကြိမ်ကြိမ် မေးမြန်းလေ့ရှိကြောင်းကို ဒေသနာတော်တွင် ဖတ်ရှုမှတ်သားခဲ့ဖူးပါသည်။ ``သင့်သီလ စင်ကြယ်ရဲ့လား'' ဟူ၍ မေးမြန်းခြင်းပင် ဖြစ်ပါသည်။ သီလစင်ကြယ်မှုသည် မရှိမဖြစ် လိုအပ်လှကြောင်းကို ကျွန်ုပ်တို့သတိကပ် သိအပ်သင့်ပါသည်။

သီလဟူသည် လူဖြစ်လျှင် လူ့သီလဖြစ်သော ငါးပါး, ရှစ်ပါး, စွမ်းဆောင်နိုင်ပါက ဆယ်ပါးအထိ စောင့်ထိန်းခြင်း၊ ရသေ့သူတော်ဖြစ်ပါက ရှစ်ပါး၊ ဆယ်ပါး၊ ရှင်သာမဏေဆိုပါက ဆယ်ပါးသီလ၊ လိင်ဒဏ်သေခိယ ကျင့်ဝတ်တစ်ရာကျော်၊ ရဟန်းဖြစ်လျှင် ပါတိမောက်လာ ၂၂၇ ပါး၊ စူဠဝဂ် မဟာဝင်လာ သီလ ၁၄၆၇ ပါး အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သီလနှင့်အသိတိက္ခန္ဓကဝတ်များကို ကျင့်ဆောင်ရန်ဖြစ်ကြောင်း အရှင်အာဒိစ္စမထေရ်စီရင်ရေးသားအပ်သော ဝိမုတ္တိညာဏောပဒေသကျမ်းတွင် ဖတ်မှတ်ခဲ့ဖူးပါသည်။

မြတ်စွာဘုရားအလောင်းတော် ဖြည့်ကျင့်ဆည်းပူးခဲ့သော ပါရမီဆယ်ပါးတွင် သီလပါရမီလည်းပါဝင်ပါသည်။ အကျင့်သီလဖြည့်ကျင့်ခြင်းဖြစ်ပါသည်။ ဖြောင့်မှန်သောအယူနှင့် ဖြူစင်သော သီလသည် အကျင့်မြတ်၏ အဦးအစဖြစ်ပါသည်။ ကုသိုလ်တရားတို့၏အစသည်ကား သီလစောင့်ထိန်းမှုသာလျှင်ဖြစ်ကြောင်း မဂ်ဖိုလ်ရရေးကိစ္စတွင် သီလကိုမှီ၍ အရိယာမဂ်ကိုပွားရကြောင်း ဘုရားရှင်တော်မြတ်က ရွှေနှုတ်တော်က ထုတ်ဖော်မြွက်ဟပါသည်။ သမထလမ်းကိုသွားသွား၊ ဝိပဿနာလမ်းကို လိုက်လိုက် သီလကို အခြေခံရပါမည်။

ဤ၌ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းလမ်းစဉ် မဂ္ဂင်ရှစ်ပါးနှင့်ပတ်သက်၍ အကျဉ်းမျှ ဖော်ပြလိုပါသည်။

၁။ သမ္မာဒိဋ္ဌိ = ကောင်းစွာမြင်ခြင်း၊

၂။ သမ္မာသင်္ကပ္ပ = ကောင်းစွာကြံစည်ခြင်း၊

www.dhammaransi.com



၃။ သမ္မာဝါစာ = ကောင်းစွာပြောဆိုခြင်း၊

၄။ သမ္မာကမ္မန္တ = ကောင်းစွာပြုလုပ်ခြင်း၊

၅။ သမ္မာအာဇီဝ = ကောင်းစွာအသက်မွေးခြင်း၊

၆။ သမ္မာဝါယာမ = ကောင်းစွာအားထုတ်ခြင်း၊

၇။ သမ္မာသတိ = ကောင်းစွာအောက်မေ့ခြင်း၊

၈။ သမ္မာသမာဓိ = ကောင်းစွာတည်ကြည်ခြင်း၊

ဤမဂ္ဂရှစ်ပါးကို လေ့လာကြည့်လျှင် အစဉ်အားဖြင့် -

ပညာမဂ္ဂင်၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဟု ဖော်ပြထားသည်ကို ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်များ သိရှိပြီး ဖြစ်ကြပါသည်။

ကျင့်သုံးသည့်အခါမှာတော့ သီလကို ရှေးဦးစွာ ဆောက်တည် သမထလုပ်၊ ပညာအားထုတ်ကြရပါမည်။ ဤအထိပင် သီလစင်ကြယ်ရေးသည် အထူးလိုအပ်ပါသည်။

ဆရာတော် အရှင်ဆန္ဒာဓိက၊ ရွှေပါရမီတောရ၏ အနှိုင်းမဲ့ရနံ့စာအုပ်တွင် ဖော်ပြထားချက်များမှ ထုတ်နှုတ်ဖော်ပြလိုပါသည်။

မြတ်စွာဘုရားရှင် အာယုသင်္ခါရလွှတ်တော်မူပြီးနောက် သွေးဝမ်းသွန်တဲ့ အနာရောဂါဖြစ်တော်မူစဉ် နတ်တို့သနင်းသိကြားမင်းကြီး လူပြည်ဆင်းလာပြီး ဘုရားရှင်ထံပါး အနီးကပ်ပြုစုစောင့်ရှောက်ခဲ့ဖူးကြောင်း သင်တို့နတ်တွေဟာ လူနံ့မခံနိုင်ပါဘူး၊ ယူဇနာတစ်ရာလောက်အဝေးမှာရှိတဲ့ လူနံ့ကိုတောင် လည်ပင်းဆွဲထားတဲ့ ခွေးသေကောင်ပုပ်နံ့လို နံစော်ကြတယ်ဆိုဟု မေးတော်မူပါသည်။ သိကြားမင်းက ''သီလမရှိတဲ့လူတွေရဲ့ အနံ့ကိုပြောဆိုတာမဟုတ်ပါကြောင်း၊ မြတ်စွာဘုရားလို သီလရှိတဲ့လူတွေရဲ့ အနံ့ကိုတော့ ကျင်ကြီးကျင်ငယ်နံ့ကိုပင် နတ်တွေက မွှေးကြိုင်ပါတယ်ဘုရား'' ဟူ၍ လျှောက်ထားကြောင်း ဖတ်ရှုမှတ်သားခဲ့ဖူးပါသည်။ သီလတရားကား အလွန်ပင်လိုက်နာစောင့်ထိန်းအပ်ကြောင်း သိအပ်ကြပါသည်။

မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသက ဘုန်းကြီးမှာ ဝိနည်း၊ လူမှာ သီလဆိုတာ သံသရာလက်မှတ်သဘောပါပဲ၊ ကိုယ့်လက်မှတ်ကို ပျောက်ပျက်မသွားအောင် သတိပြုရမယ်'' ဟူ၍ ဩဝါဒပေးတော်မူပါသည်။

ဆရာကြီးဦးရွှေအောင် ဗုဒ္ဓလောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် ကျမ်းစာအုပ်တွင် ''ဗုဒ္ဓစာပေအရ မှန်ကန်သော အသိဉာဏ်သည် ဖြူစင်သော သမာဓိမှ ဖြစ်ပေါ်လာရ၏။ ဖြူစင်သော သမာဓိဟူသည်မှာ ဖြူစင်သော စိတ်ထားဖြစ်၏။ ယင်းကို စိတ္တ ဝိသုဒ္ဓိ ဖြစ်၏၊ ဖြူစင်သော စိတ်ထားသည်လည်း ဖြူစင်သော ကိုယ်ကျင့်တရားမှ လာ၏၊ ဖြူစင်သော ကိုယ်ကျင့်တရားကို သီလဝိသုဒ္ဓိဟု ဆို၏။ ဤကျင့်စဉ်အရ ဆိုလျှင် ကိုယ်ကျင့်သီလဖြူစင်အောင် အားမထုတ်ပါဘဲ စိတ်ထားဖြူစင်အောင် အားထုတ်မရ။ အားထုတ်၍ ရမည်ဆိုလျှင် ရရှိသော သမာဓိသည် သမ္မာသမာဓိမဟုတ်၊ မိစ္ဆာသမာဓိသာ ဖြစ်၏။ မိစ္ဆာသမာဓိဖြစ်ပါက အဘယ်သို့လျှင် စိတ်ထားဖြူစင်မှုရှိနိုင်ပါမည်နည်း'' ဟု ဖတ်မှတ်ခဲ့ဖူးပါ၏။ အချုပ်အားဖြင့် မိမိတို့ဆိုင်ရာဆိုင်ရာ သီလသိက္ခာများကို ဖြည့်ဆည်းကျင့်သုံးနိုင်ကြပါစေကြောင်း တင်ပြရပါသတည်း။

မောင်မောင်-လည်ခေါက်ရွာ

www.dhammaransi.com



အလကပ္ပတိုင်း ဝေတ်မှုတ်ခေါင်းပါးသောဘောကြီး ဆိုက်သော အခါ ထိုတိုင်း၌ အသက်ရှည်စွာ ရှင်ရန် မဖွမ်းနိုင်သော 'ကောတုဟလိက' အမည်ရှိသော သူသည် မယားနှင့်သားငယ်ကို ခေါ်ဆောင်ကာ ကောသမ္ဗီပြည်သို့ သွားရန်စိမ်ကား လမ်းခရီးတွင် သုံးစရာ ရိက္ခာ ယူ၍ ထွက်လာခဲ့ကြသည်။

# ရှေးဘဝအားကျမှု

တက္ကသိုလ်သျှင်သိဒ္ဓိ (မဟာစရိယ ဘွဲ့ရ)

www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com




www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



www.dhammaransi.com



# နေရာဒေသအနှံ့သို့ ဓမ္မလရောင်ဖြာပါစေ

မုံရွာနေက



ဗုဒ္ဓသာသနာပြုကြရာတွင် မိမိကိုယ်ကို အလျင်သာသနာပြုကြရ၏။ မိမိကိုယ်တိုင် မြတ်ဗုဒ္ဓ၏ အဆုံးအမတော် သာသနာ၌ တည်စေပြီးမှ (ကျင့်သုံးပြီးမှ) သူတစ်ပါးကို သာသနာပြုကြရလေသည်။

သို့မှသာ နည်းလမ်းကျပေသည်။ ကိုယ်က ဘာမျှမသိဘဲ မတတ်ဘဲ သူတစ်ပါးအား ပညာပေးနေသည်...ဟူသော လောကစကားလည်းရှိနေသည်။ မိမိကိုယ်တိုင်သာသနာတည်ခြင်း မိမိကိုယ်ကိုယ်ဆုံးမခြင်းပြုရသည်မှာ မြတ်ဗုဒ္ဓ၏ အလိုတော်ကျဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ညွှန်ကြားချက်ဖြစ်သည်။

"အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ"

မိမိကိုယ်ကို ရှေးဦးစွာ ဆုံးမပါ။

"အထည မနုဘာသေယျ"

ပြီးတော့မှ သူတစ်ပါး၊(လူအများ)ကို ဆုံးမပါ၊ တရားဟောပါ၊ သာသနာပြုကြပါဟူ၍ မြတ်ဗုဒ္ဓက သာကီဝင်မင်းသားမှဖြစ်လာသော အမျိုးမာန်ကြီးတတ်သော ဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ဓမ္မပဒ၊ အတ္တဝဂ်တွင် ဟောကြားထားတော်မူထား၏။

တစ်ဖန်.....

ရဟန်းတပည့်များအား တရားအားထုတ်ခိုင်းပြီး သူကိုယ်တိုင်(ဆရာကိုယ်တိုင်)က အခန်းတွင်းဝင်ကာ အိပ်၍သာနေလေ့ရှိသော ပဓါနိကတိဿမထေရ်ကို ဟောကြားရာ၌လည်း-

"အတ္တာနဉ္စေ တထာ ကယိရာ၊ ယထာည မနုသာသတိ"

www.dhammaransi.com



ပြည်ပသာသနာပြုဆိုသူအချို့က ပြောလေ့ရှိကြသည်။

"ဝါးလုံးခေါင်းထဲမှာ လ,သာနေသူများတဲ့။ ပြည်တွင်းကို ဝါးလုံးခေါင်းနှင့် ဥပမာဆိုထားသည်။ အမှန်စင်စစ်… ဝါးလုံးခေါင်းမှာလည်း လ,သာရမည်ပင်ဖြစ်သည်။ ဝါးလုံးခေါင်းနှင့်တူသော ဝေးလံခေါင်သီသည့် တောင်ပေါ်ဒေသ၊ နယ်စပ်ဒေသတို့တွင် ဗုဒ္ဓသာသနာ ဓမ္မသာသနာတည်းဟူသော ဓမ္မလရောင်များ တရား၊ အလင်းရောင်များ မရောက်ရှိကြသေးပေ။

သာသနာရေးဌာနမှ တောင်တန်းသာသနာပြုအဖွဲ့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းမှာ ဖွဲ့စည်း ဖွင့်လှစ်တည်ထောင်ကာ တောင်ပေါ် နယ်စပ်ဒေသအသီးသီးတို့ သာသနာပြုရဟန်းတော်များ၊ လူပုဂ္ဂိုလ်များကို စီစဉ်ပို့လွှတ်လျက်ရှိပေသည်။ တောင်ပေါ်ဒေသ၏ ရာသီဥတုဒဏ်၊ အစားအသောက်ရှားပါးသည့်ဒဏ်၊ အခြေကျနေသော ဘာသာခြားတို့၏ဒဏ် စသည်တို့ကို ကြံ့ကြံ့မခံနိုင်ဘဲ တပ်ခေါက်ပြန်လာကြသူ အချို့လည်း ရှိပေသည်။

တစ်ချိန်က ဝေးလံခေါင်ပါးသော တောင်တန်းဒေသများသို့ တစ်ပါးတည်း ခက်ခက်ခဲခဲကြွရောက်ကာ စွန့်စွန့်စားစား သာသနာပြုသွားသော ဆရာတော်ကြီးဦးဉတ္တမသာရကို ချီကျူးစရာကောင်းပေသည်။

မိမိကိုယ်တိုင်အားထုတ်ကျင့်သုံးပြီးမှ သူတစ်ပါးအား ဆုံးမပါ…ဟူ၍ ဟောကြားတော်မူထားလေသည်။

(ဓမ္မပဒ၊ အတ္တဝဂ်၊ ပဓါနိကတိဿတ္ထေရဝတ္ထု)

အဘယ်ကြောင့်ဆိုသော်ကား-

လူတိုင်းသည် မိမိကိုယ်ကိုဆုံးမရန် ခက်သောကြောင့်ပေတည်း။

"အတ္တာဟိကိရ ဒုဒ္ဒမော-"

စင်စစ်အားဖြင့် မိမိကိုယ်ကိုဆုံးမနိုင်ကွပ်ရခြင်းသည် အခက်ဆုံးပင်ဖြစ်ပေသည်။

မိမိတို့စာသင်သားဘဝက ဆရာတော်ကြီးက ဆုံးမသြဝါဒပေးလေ့ရှိသည်မှာလည်း မှတ်သားစရာ၊ လိုက်နာစရာကောင်းပါ၏။

"သူများကို မဆုံးမခင် ကိုယ့်ကိုကိုယ် သာသနာတည်အောင် ဆုံးမကြဦး" ဟူ၏။

ပြည်တွင်း၊ ပြည်ပသာသနပြုပုဂ္ဂိုလ်များလည်း သတိချပ်စရာပင်၊ မိမိတို့သည် သူများကို သာသနာမပြုခင် မိမိကိုအရင် သာသနာပြုရပေလိမ့်မည်။

ပိဋကတ်ကျမ်းပြု ညောင်ကန်ဆရာတော်ကြီး ဦးဗုဒ်၏ သြဝါဒကလည်း အသက်ထက်ဆုံးလိုက်နာစရာ ကောင်းလှပေသည်။

"ဘယ်သူ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ဘုရားကြိုက်အောင် နေကြ" ဟူ၍ဖြစ်သည်။

www.dhammaransi.com



အခက်အခဲ အနှောက်အယှက်ဟူသမျှကို တွန်းလှန်ကာ ကြံ့ကြံ့ခံပြီး ဝါးလုံးခေါင်းမှာ လ,သာအောင် ဓမ္မရောင်ခြည်လင်းလက်အောင် ဆောင်ရွက်တော်မူနေကြသော ဆရာတော် သံဃာတော်များကို ချီးကျူးဂုဏ်ပြုဖွယ်ဖြစ်ပေသည်။

ပြည်ပသာသနာပြုဆိုသော်လည်း အများအားဖြင့် ပြည်ပရောက် ဗုဒ္ဓဘာသာဖြစ်ပြီးသော မြန်မာများအား တရားဟော တရားပြခြင်းသာ တွေ့ရပေသည်။ စွမ်းနိုင်ပါက နိုင်ငံခြားမှ ဘာသာခြားများကိုပါ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာအောင် ဗုဒ္ဓဘာသာဝင်ဖြစ်လာအောင် သာသနာပြုနိုင်ဖို့ လိုပေသည်။ သို့မှသာ ဗုဒ္ဓသာသနာ ကမ္ဘာမှာ ရောင်ဝါနေလထွန်းပပေလိမ့်မည်။

ယနေ့ခေတ်တွင် ခေတ်ပညာတတ်၊ ဘာသန္တရဆေက ပုဂ္ဂိုလ်များ ဒေါက်တာဘွဲ့ရ၊ ပီအိပ်ချ်ဒီဘွဲ့ရ အရှင်မြတ်များ၊ လူပုဂ္ဂိုလ်ပညာရှိများ မြောက်များစွာရှိပေရာ ဤကိစ္စကို ဤကွက်လပ်ကို စွမ်းနိုင်သလောက် ဖြည့်ဆည်းဆောင်ရွက်နိုင်ကြပါမူ အလွန်ကောင်းပေမည်…ဟု မျှော်လင့်အားထားမိပါသည်။

ရဟန်းတော်ကြီး ဦးလောကနာထသည် ဘာသာခြားသိပ္ပံပညာရှင်ကြီးဖြစ်သော်လည်း မြတ်ဗုဒ္ဓဒေသနာထဲမှ ဓမ္မပဒကျမ်းစာကို လေ့လာဖတ်ရှုကာ ဗုဒ္ဓဘာသာဖြစ်သွားခဲ့ဖူးပေသည်။ ဗုဒ္ဓဘာသာဖြစ်ရုံမက ရဟန်းပြုကာ နယ်လှည့်ဆွမ်းခံကြွပြီး မြန်မာပြည်တစ်နံတစ်လျားကုန်းကြောင်းကြွကာ သာသနာပြုခဲ့ဖူးလေသည်။

ဆရာကြီးဦးဂိုအင်ကာသည်လည်း ကမ္ဘာဒေသနေရာအနှံ့အပြားတို့တွင် ဓမ္မရိပ်သာများ တည်ထောင်ဖွင့်လှစ်၍ စေတီတော်ကြီးတည်၍ မြတ်ဗုဒ္ဓ၏ ကျင့်စဉ်တရားများဖြင့် ပြန့်ပွားအောင် ဆောင်ရွက်လျက် ဗုဒ္ဓသာသနာပြုခဲ့လေသည်။ မိမိတို့ဗုဒ္ဓဘာသာတွင် အနီကဲ့သို့သော သာသနာပြုပုဂ္ဂိုလ်များ များစွာလိုအပ်ပါသည်။

သို့ဖြစ်ပေရာ

ဝါးလုံးခေါင်းထဲမှာ လ,သာသလို ပြင်ပကမ္ဘာဝန်းကျင်မှာလည်း ဓမ္မလ,ရောင်ခြည်များ လင်းလက်ရွှန်းပြက်စေချင်ပါသည်။

ဗုဒ္ဓသာသနာ၊ ကမ္ဘာမှာ ရောင်ဝါနေ,လပမာ ထွန်းပစေချင်ပါသည်။ သို့မှသာ ကမ္ဘာကို ခြိမ်းခြောက်နေသော ဘာသာရေးအဓမ္မန်းရောက်များ ဘာသာမဲ့များ ဘေးရန်မှ ဝိုင်းဝန်းတွန်းလှန်ကာကွယ်စောင့်ရှောက်နိုင်မည်ဟု မျှော်လင့်မိပါကြောင်း-

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ သစ္စာနှင့် ကိုယ်ချင်းစာနာမှုတရားများကို အခြေခံသော မြတ်ဗုဒ္ဓ၏တရားတော်များ ထွန်းကားပြန့်ပွားမှသာ ဘေးရန်အပေါင်းမှကင်းကွာပြီး ငြိမ်းချမ်းသာယာသော လူသားဝန်းကျင်တွေ မြင်နိုင်မည်ဖြစ်ပါသည်။

နမော သမ္မာသမ္ဗုဒ္ဓဿ

မုံရွာ-နေဇာ

www.dhammaransi.com



# ရင်နှစ်သည်းခြာ အလိမ္မာကဏ္ဍ

## လောကလူသားတို့ လိုက်နာရန် နည်းလမ်းအသိပညာများ

ဖူးပွင့်ဝေ

**(က) အသိပညာ၊ အတတ်ပညာလိမ္မာ ကျွမ်းကျင်ရာ**

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါ တပည့်တို့"

ဆရာမကဒီနေ့ တပည့်တို့ကို လောကလူသားတွေမှာ အသိပညာ အတတ်ပညာနဲ့ ပတ်သက်ပြီး သိသင့်သိထိုက်၊ တတ်သင့်တတ်ထိုက်သော ဆုံးမစာများကို ပြောပြမယ်ကွဲ့၊ အဲဒီဆုံးမစာတွေကို ရှေးပညာရှိတို့က လောကနီတိလို့အမည်ပေးပြီး ဆုံးမရေးသားထားခဲ့ကြတယ်။ မင်းတို့ဆရာမတို့ခေတ်ကြတော့ကွယ် ပြည်သူ့နီတိနှင့်စာရိတ္တပညာလို့ ခေါ်တယ်ကွဲ့။ ဒီနေ့ဆရာမက မင်းတို့ကို ရှေးခေတ်ပညာရှိတို့ ဆိုဆုံးမခဲ့တဲ့ လောကနီတိ(သို့)စာရိတ္တပညာ ကို သိစရာ၊ မှတ်စရာ၊ သိမှတ်စရာတို့တွေကို ပြောပြမယ်ကွဲ့၊ အဲဒါကို မင်းတို့သိချင်ကြရဲ့လားကွဲ့။

"သိချင်ပါတယ်ဆရာမ"

အေးလောကနီတိဆိုတဲ့ ဆုံးမစာထဲမှာ နံပတ်(၁) ပြောထားတာကတော့ ပညာရှိတစ်ယောက်ဖြစ်ဖို့အကြောင်း ပြောထားတယ်ကွဲ့။ အဲဒါကို ဆရာမက တစ်ခုစီပြောပြမယ်ကွဲ့၊ သေသေချာချာလိုက်နားထောင်ကြနော်၊ မင်းတို့ အသက်ကြီးလာရင် မင်းတို့အတွက် အလွန်

www.dhammaransi.com



အဖိုးတန်အသုံးဝင်တဲ့ ဆုံးမစာဖြစ်မယ်ကွဲ့။ သိကြရဲ့လားကွဲ့။

"သိပါပြီဆရာမ"

အေးနံပါတ်(၁)ဆိုဆုံးမထားတာကတော့ ကွယ် မူလဆုံးမစာက ပါဠိလိုရေးတာကွဲ့။ အဲဒါကို ဆရာမက မြန်မာလိုပြန်ထားတာကို ပြန်ပြောမယ်ကွဲ့၊ သေချာမှတ်ထားကြနော်၊ ပညာရှိဖြစ်ဖို့ နံပါတ်(၁)ဆုံးမစာကတော့ကွယ်-

- ပျင်း...သူအား အတတ်ပညာမရှိ၊
- အတတ်ပညာမရှိသူအား ဥစ္စာမရှိ၊
- ဥစ္စာမရှိသူအား မိတ်ဆွေမရှိ၊
- မိတ်ဆွေမရှိသူအား ချမ်းသာခြင်းမရှိ၊
- ချမ်းသာခြင်းမရှိသူအား ကောင်းမှုမပြုနိုင်၊
- ကောင်းမှုမပြုနိုင်သူအား နိဗ္ဗာန်ကိုမရနိုင်၊

အဲဒါတွေက မှန်ရဲ့လား၊ သဘောကျ လက်ခံကြရဲ့လား။

"လက်ခံပါတယ်ဆရာမ"

အေးလောကမှာ ဥစ္စာပစ္စည်းဆိုတာ အခိုးခံရတတ်တယ်၊ ပျက်စီးဆုံးရှုံးရတဲ့သဘောရှိတယ်။ ရာထူးအာဏာဆိုတာကလည်း ခုရာထူးရ၊ ခုရာထူးပြုတ်ဖြစ်တတ်တယ်ကွဲ့၊ အတတ်ပညာကတော့ ဘယ်ဘဝ၊ ဘယ်အဆင့်ရောက်နေပါစေ၊ သူခိုးခိုးလို့မရ၊ ဖျက်ဆီးလို့မရဘူးကွဲ့၊ တတ်ထားတဲ့ပညာကို ကျရာအရပ်၊ ရောက်ရာအရပ်မှာ လုပ်စားလို့ရတယ်ကွဲ့၊ ပညာတတ်ထားရင် ဘယ်အရပ်၊ ဘယ်ဒေသမဆို ဘာအလုပ်လုပ် ရတယ်ကွဲ့၊ မဟုတ်ဘူးလား။

"ဟုတ်ပါတယ်ဆရာမ"

အေးဒါ့ကြောင့် ပညာရှိတို့က ပညာကို ဘယ်လူဆိုးတို့ ခိုးယူလို့ရပါမယ်ဆိုပြီး ဆုံးမထားတာကွဲ့။

"ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဆရာမ"

အေးမင်းတို့တွေပျင်းကြမယ်၊ စာမကျက်၊ ဂဏန်းမတွက်ကြဘူးဆိုရင် စာမေးပွဲမအောင်တော့ဘူး၊ စာမေးပွဲမအောင်ရင် အတန်းမတက်ရတော့ဘူး၊ အတန်းမတက်ရလျှင် ဘွဲ့ရပညာရှိမဖြစ်တော့ဘူးပေါ့ကွယ်။

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဆရာမ"

အေးပညာတတ်မှ အလုပ်အကိုင်တွေရမယ် အလုပ်အကိုင်တွေရမှ ဥစ္စာရမှာပေါ့ကွဲ့၊ အလုပ်

www.dhammaransi.com



အကိုင်တွေရှိမှ မိတ်ဆွေကောင်းဆိုတာလည်း ရတယ်ကွဲ့။

"မဟုတ်ဘူးလား"

"ဟုတ်ပါတယ်ဆရာမ"

အေးလောကနီတိဆရာက ဆက်ဆုံးမထားတာကတော့-

မင်းတို့တတွေ ပတ်ဝန်းကျင်မှာတွေ့နေရတယ်လေ၊ ပညာတတ်သူတွေဟာ ရာထူးကြီး၊ ဂုဏ်ထူးကြီးတွေ အမိုးအကာအောက်မှာ အေးချမ်းသာယာစွာနှင့် အလုပ်လုပ်ကြရတယ်။ ပညာမတတ်သူတွေကတော့ နေပူမရှောင်၊ မိုးရွာမရှောင်၊ နေပူထဲ မိုးရွာထဲမှာ ပင်ပန်းကြီးစွာလုပ်ကိုင်စားသောက်နေတာ မင်းတို့မြင်တယ်မဟုတ်လား။

"မြင်ပါတယ်ဆရာမ"

အေးဒါ့ကြောင့် မင်းတို့တွေ လောကနီတိဆရာဆိုဆုံးမတဲ့အတိုင်း ပညာကို တတ်အောင်သင်ထားမှ မင်းတို့ဘဝအလုပ်၊ ရာထူး၊ ဥစ္စာနှင့်ပြည့်စုံရမှာကွဲ့၊ ပညာကို တတ်အောင်ကြိုးစားသင်ကြမယ်မဟုတ်လား။

"သင်ပါမယ်ဆရာမ"


အေး နောက်တစ်ပတ်တွေမှာတော့ ပညာဟူသည်နည်းသည်၊ များသည်မဟုတ် တန်ဘိုးရှိကြောင်း တတ်ထားတဲ့ပညာဟာ စုပါများလျှင်များလာ၍ အသုံးဝင်ကြောင်းကို ဆက်ပြောပြမယ်ကွဲ့။ ယခုအပတ်တော့ ဒီလောက်ဘဲမှတ်ထားကြအုံးနော်-

"ဟုတ်ကဲ့ပါဆရာမ"

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါတပည့်တို့"

**ဦးဗွင့်ဝေ**



www.dhammaransi.com

# မြန်မာနိုင်ငံ ရိုးရာပါဠိစာပေသင်ကြားရေး

# Traditional Pali Studies in Myanmar

ဦးအောင်သိန်းညွှန့် (ဒု-ညွှန်ချုပ်(ငြိမ်း) သာသနာရေး)
U Aung Thein Nyunt (Retd. DYDG Religious Affairs)

## ပုဂံခေတ်နှင့် ပါဠိဘာသာသင်ကြားရေး

သထုံ၊ ရဟန္တာအရှင်မြတ် သီလဗုဒ္ဓိမထေရ်၏ တပည့် ရှင်အရဟံဟု လူသိများသော အရှင်ဓမ္မဒဿီ ဖြစ်သည်၊ ရဟန္တာမထေရ်မြတ် အရှင်သီလဗုဒ္ဓိသည် ယိုးဒယားဒကာ ဒကာမများ၏ ပင့်လျှောက်ချက်အရ ယိုးဒယားနိုင်ငံ သောက္ကဒဲ(ယခု-နတ်ပူရီ)ရှိကျောင်း၌ ၁၀နှစ်ကြာသီတင်းသုံးတော်မူခဲ့သည်။ ပုဂံပြည့်ရှင်ဘုရင်အနော်ရထာ(အေဒီ-၁၀၄၄)အုပ်စိုးစဉ်ကာလအတွင်း ထေရဝါဒဗုဒ္ဓဘာသာ မထွန်းကားမီ ဗုဒ္ဓဘာသာကိုဏ်းကွဲအရည်းကြီး ရဟန်းများစွာရှိခဲ့ကြသည်။ ပုဂံပြည်မှ ၎င်းတို့ကို ဖယ်ရှားရခြင်းအတွက် ရဟန္တာ အရှင်သီလဗုဒ္ဓိသည် ၎င်းတပည့်ရင်း ရှင်အရဟံကို ပုဂံသို့ စေလွှတ်တော်မူခဲ့ပြီး၊ ထေရဝါဒဗုဒ္ဓဘာသာကို ပုဂံ၌ ထူထောင်တော်မူခဲ့သည်။ အေဒီ-၁၁၅၄ (သာသနာနှစ် ၁၆၀၁)တွင် ပိဋကအစုံသုံးဆယ်ကို သထုံမှ ပုဂံသို့ ပင့်ဆောင်ခဲ့သည်။ ပုဂံတွင် ပိဋကတ် စာကြည့်တိုက်တွင် ယင်းတို့ကို ထိန်းသိမ်းထားခဲ့သည်။ အဆိုပါ ပိဋကတ်တိုက်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော ပိဋကတ်စာကြည့်တိုက် ဖြစ်သည်။ ပုဂံပြည်မှ ဆပဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ကြွ၍ သီဟိုဠ်မှ ပိဋကတ်သုံးစုံကို ပင့်ဆောင်ခဲ့ပြီး ပုဂံသို့ ပြန်လည်ရောက်ရှိသည့်အခါ သထုံမှ ပိဋကတ်ကျမ်းစာများကို သီဟိုဠ်မှုပိဋကတ်ကျမ်းစာများနှင့် တိုက်ဆိုင် ညှိနှိုင်းစိစစ်ပေးခဲ့သည်။ ထိုကာလမှစတင်၍ ပုဂံ၌ပါဠိစာပေသင်ကြားရေး ခိုင်မာစွာ အမြစ်တွယ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အံ့သြဖွယ်ကောင်းလောက်အောင် ပါဠိစာပေသင်ကြားရေးဖွံ့ဖြိုး တိုးတက်ခဲ့သည်။ ပုဂံခေတ်မိန်းကလေးငယ်များ၊ အိမ်ရှင်မများသည်ပင် ပိဋကတ်ကျမ်းစာများနှင့် ပါဠိဘာသာကို လိုလားနှစ်ခြိုက်စွာ သင်ယူခဲ့ကြကြောင်း၊ ဆွမ်းခံကြွသော ကိုရင်ငယ်များသည်ပင် ပါဠိဘာသာစကားနှင့်မေးခွန်းများ အမေးခံရသေးကြောင်း၊ အထူးသဖြင့် ပါဠိ သဒ္ဒါတတ်၊ မတတ်ကို စစ်မေးခံကြရကြောင်း၊ ကလေးသူငယ်များကို ထိန်းရသော အိမ်မှုကိစ္စလုပ်ရသော အိမ်ရှင်မများသည် နှစ်တစ်နှစ် သီတင်းကျွတ်ကာလ၌ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကျမ်း

www.dhammaransi.com



နှုတ်မေး နှုတ်ဖြေစာမေးပွဲ ဖြေဆိုကြရကြောင်း၊ ကျစွာမင်းကြီးသည် "ပရ မတ္ထဗိန္ဒုကျမ်း"ကို ပါဠိဘာသာဖြင့် ရေးသားပြုစုခဲ့ကြောင်း၊ ထို့နည်းတူစွာ သံဃျင်မင်းသမီးသည် တစ်နေ့လျှင် ပိဋကတ်ကျမ်းစာ စာပေ ကိုးကြိမ်ပို့ချခဲ့ကြောင်း၊ ၎င်း၏တပည့်က သံဃျင်မင်းသမီး၏ အကူအညီဖြင့် "သံဃျင်းဋီကာ"ကို ပြုစုခဲ့ကြောင်း ပုဂံခေတ်တွင် အရှင်အဂ္ဂဝံသမထေရ်က 'သဒ္ဒနီတိပါဠိသဒ္ဒါကျမ်း' စေ့စပ်သေချာစွာပြုစုခဲ့ကြောင်းကို နိုင်ငံတကာရှိ ပါဠိစာပေပညာရှင်များ သိရှိကြောင်း မြန်မာ့သမိုင်းစာအုပ်များစွာတွင် မှတ်တမ်းရေးသားထားရှိသည်။ အဆိုပါရှေးခေတ်ကာလများမှစတင်၍ မြန်မာယဉ်ကျေးမှု၊ ဗုဒ္ဓဘာသာအစဉ်အလာနှင့် ပါဠိဘာသာသင်ကြားရေးတို့သည် နိုင်မာစွာ အမြစ်တွယ်ခဲ့သည်။

**Bagan Age and Pali study**

Ven. Dhammadassi, later known as shin arahan was disciple of Ven.ArahantaSilabuddhi of Thahton, who had resisted at a monastery of Sokkadei(now Nutpuri) of Siam at the request of Siamese devotes for ten years. At the reign of king Anawyahthar (AD 1044) in Bagan, there were so many members of deviant sects of Buddhism (Aris) prevailed in Bagan before the advend of Theravada Buddhism. In order to remove them in Bagan, Ven.Arahant Silabuddhi sent to his close disciple Ven.Arahan to Bagan, and established the Theravabuddhism there. In 1154 AD (1601-Sasana era) thirty sets of Pitaka Pali text in Thahton were brought to Bagan and Kept in a Pitaka pali text library, which was constructed as the very first pali text pali library in Myanmar. Ven. Sapada of Bagan went to Sinhalese island for taking a three sets of Pitaka pali texts and when he got back Bagan the scrutinized Thahton Pitaka Pali scripts comparing with the Sinhalese scripts. From that time onwards the study of Pali text was firmly rooted and wonderously developed in Myanmar. It is chronically recorded in Myanmar history books that even the girls and housewives willingly studied Pali language and Pitaka pali texts, those young novices who had to go alms around were questioned with the pali language, especially in the field of pali grammar; those housewives who had to take the household duty with taking care of their children had to sit for all oral

www.dhammaransi.com

examinations of Abbhidhammattha-sangaha a manual of Abbhidhamma at the end of rainy retreat (Thidin-gyut) of a year; it was recorded that even a ruler, king kyaswar, compiled an Abbhidhamma treatise named "Paramatthavindu" written in pali language; in the same way a princess Thanbyin princess by name gave nine lectures on Pitaka Pali texts for a day and her pupil compiled a treatise called 'ThanbyinTika' with the assistance of the princess; it was well-known to all international pali scholars that a Pali Grammar, Saddaniti by name, was systematically compiled by Ven.Aggavamsa of Bagan Age. Commencing from these golden days Myanmar culture, Buddhist tradition and Pali language study were deeply rooted in Bagan dynasty.

ပင်းယခေတ်တွင် မဏိမဉ္ဇူဆရာတော်၊ ဆူး တွင်းပစ်ဆရာတော်၊ အရှင်နာဂိတ၊ စတုရင်္ဂဗလအမတ်ကြီး စသည်တို့သည် ထင်ရှားကျော်ကြားသော ပါဠိစာပေပညာရှင်များဖြစ်ခဲ့ကြပြီး ထူးခြားထင်ရှားသော ပါဠိကျမ်းစာများပြုစုခဲ့ကြသည်။ မြန်မာ့ပါဠိစာပေသင်ကြားရေးကိုလည်း မြှင့်တင်စေခဲ့သည်။ ဗုဒ္ဓဘာသာဘဝနေနည်းဖြစ်သော “လောကနီတိကျမ်း”သည် မြန်မာလူမျိုးအဆက်ဆက်တို့အတွက် ထင်ရှားသော ကျမ်းတစ်ဆူဖြစ်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်တစ်ဦး၏ နေ့စဉ်နေထိုင်ကျင့်သုံးနည်း အတွက် အသုံးဝင်ဆဲရှိနေသေးသည်။ အဘယ်ကြောင့်ဆိုသော် ကျမ်းစာပါအချက်အလက်များမှာ အမျိုးမျိုးသော ပိဋကတ်ကျမ်းစာများမှ ထုတ်နုတ်ရေးသားထားသောကြောင့်ဖြစ်သည်။ ၁၈၉၀-တွင် အင်္ဂလိပ်စာပေသမား မစ္စတာဂရေးက လောကနီတိကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

The Pinya age, Maniminjusa Sayataw, Sutwinpit Sayataw, Ashin Nagita Minister Saturamgabala were the prominent Pali scholars who compiled many remarkable Pali treaties and promoted Pali study in Myanmar, 'Lokaniti' - 'the way of Buddhist living' is still well known to new successive generations of Myanmar people and is still useful how to live in daily life as a pious Buddhist, because most of facts are extracted from different Pali texts. In 1890 an English scholar called Mr.Grey translated Lokaniti into English language.

အင်းဝခေတ်တွင် အရှင်မဟာသီလဝံသ၊ အရှင်မဟာရဋ္ဌသာရ စသော ပါဠိစာပေပညာရှင်များသည် ပိဋကတ်ပါဠိတော်များ၊ အဋ္ဌကထာ

www.dhammaransi.com



များ၊ ဋီကာများမှ အချက်အလက်များကို ကောက်နုတ်ယူလျက် ပျို့ကဗျာလင်္ကာဆုံးမစာများကို ရေးဖွဲ့တော်မူခဲ့ကြသည်။ ဤနည်း ဖြင့် မြန်မာစာပေကို ပါဠိစာပေတန်ဖိုးများနှင့် ကြွယ်ဝအောင် စွမ်းဆောင်တော်မူခဲ့ကြသည်။ ၎င်းအပြင် ပါဠိတော်ကျမ်းစာများကို နားလည်နိုင်စေရန် ပါဠိနိဿယကျမ်းများ၊ ပါဠိသဒ္ဒါကျမ်းနိဿယများ၊ သင်္ဂြိုဟ်နိဿယများပေါ်ထွန်းလာခဲ့ပြီး ထိုခေတ်ရှင်ငယ်ရဟန်းများအတွက် အားကိုးရာဖြစ်ခဲ့သည်။

In the age of Ava Pali scholars such as Ashin Mahasilavansa, Ashin Maharatthasara, etc, composed famous poems verses, lyrical proses, and written homilies extracted from the facts of different Pali texts Pali commentaries, sub-commentaries and thus Myanmar literature was enriched with values of Pali literature. Moreover, in order to understand pali texts, There apparently appeared Pali-nissays a sort of word for word Myanmar translation from Pali; Grammar Nissayas, Sangahanissayas, were very popular for young bhikkhus and Samaneras in those days.

အင်းဝခေတ် နောက်ပိုင်းနှင့်ညောင်ရမ်းခေတ်တွင် ပါဠိပိဋကစာပေလေ့လာလိုသူစာသင်သားများအတွက် အချို့သောပါဠိနိဿယများ အဘိဓမ္မာအရကောက်ကျမ်းများသည်များစွာ အားကိုးအားထားဖွယ်ဖြစ်သည်။

အင်းဝခေတ်သာလွန်မင်းတရားကြီး (၁၆၂၈-၁၆၄၈)အုပ်စိုးစဉ် ကာလမှစတင်၍ နေပြည်တော်အုပ်ချုပ်ရေးအကူအညီဖြင့် ပါဠိပထမပြန်စာမေးပွဲများ နိုင်ငံနေရာအနှံ့တွင် ပေါ်ပေါက်လာခဲ့သည်။ မြန်မာနိုင်ငံရိုးရာပါဠိစာပေသင်ကြားရေးသည် ယခင်ခေတ်များထက်ပိုမို၍ ပိုမိုထွန်းကားလာခဲ့သည်။ မြန်မာနိုင်ငံပါဠိစာပေသင်ကြားရေးသည် ကုန်းဘောင်ခေတ်တွင် ပိုမိုခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

In later date of Ava age and Nyaungyan age, some Pali-nissayas, Abbhidhamma Ah-Ya-kauks, unlocking the hidden meaning of a word from the context-were very wellknown to the students who would to like study Pataka Pali text.

Commencing from the reign of king Tharlun in Ava age (1628-1648) Pali Pathamapyan examinations appeared under the management of Royal government and many parts of the country and thus traditional Pali study in Myanmar became more popular than the earlier ages. It may be said that traditional Pali study in Myanmar have strongly developed in the age of Konbaung.

**ဦးအောင်သိန်းညွန့်**

**U Aung Thein Nyunt**


www.dhammaransi.com



# ပြည်တွင်းသာသနာရေး သတင်းမှတ်တမ်း

လမင်း

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့စည်းဝေးကျင်းပခြင်း



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့(၁/၂၀၁၆) အစည်းအဝေးကို ဖေဖော်ဝါရီလ ၂၂ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆင်မင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသက အဖွင့်သမ္မောဒနီယဩဝါဒကထာ မြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သော တက္ကသိုလ်များ

www.dhammaransi.com

အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅) အစည်းအဝေးမှတ်တမ်းကို တင်ပြအတည်ပြုချက်ရယူပြီး တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၂/၂၀၁၅)အစည်းအဝေးဆုံးဖြတ်ချက်များနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်က တင်ပြသည်။

ထို့နောက် ဗဟိုပညာရေးအဖွဲ့ (၁/၂၀၁၆) အစည်းအဝေး၏ တင်ပြချက်များအပေါ် ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်/မန္တလေး)တို့က တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အထွေထွေ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိ ဆရာတော်က နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားတော်မူပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

---

**စာမျက်နှာ(၁၈)မှအဆက်**

---

၃။ မောဟစရိုက်ရှိသူ၊

၄။ ကြောက်ရွံ့တတ်သူ၊

၅။ လာဘ်ရရေး အလေးထားသူ၊

၆။ မိန်းမ။

၇။ သေသောက်ကြူး၊

၈။ နပုံးပဏ္ဍုက်၊

၉။ ကလေးသူငယ်တို့ဖြစ်ကြပါ၏''

''မင်းမြတ်၊ ထိုပုဂ္ဂိုလ်ကိုးယောက်တို့နှင့် တိုင်ပင်လျှင် အဘယ်အပြစ်ရှိပါသနည်း''

''အရှင်ဘုရား၊ ရာဂစရိုက်ရှိသူ စသော ပုဂ္ဂိုလ်ငါးယောက်တို့သည် သူတို့မှာ ရှိနေကြသော စိတ်နေစိတ်ထား၊ စရိုက်များကြောင့် လည်းကောင်း၊ မိန်းမသည် ပညာနည်းပါးသောကြောင့် လည်းကောင်း၊ သေသောက်ကြူးသည် သေရည်သောက်စားကာ လျှပ်ပေါ်လော်လည်သောကြောင့် လည်းကောင်း၊ ပဏ္ဍုက်သည် စိတ်သဘောထား မတည့်မတ်သောကြောင့် လည်းကောင်း၊ ကလေးသူငယ်သည် စိတ်ထားနှနယ်ပြောင်းလဲလွယ်သောကြောင့် လည်းကောင်း လျှို့ဝှက်စွာ တိုင်ပင်အပ်သော အမှုကိစ္စကို ထုတ်ဖော်တတ်ကုန်၏။ မိမိစိတ်ထဲမှာ သိုသိပ်၍ မထားနိုင်ကြကုန်''

www.dhammaransi.com



## ချင်းပြည်နယ်၊ မင်းတပ်မြို့(၅၃)ကြိမ်မြောက် သာသနာပြုလူပုဂ္ဂိုလ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း။




သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် (၅၃)ကြိမ်မြောက် သာသနာပြုလူပုဂ္ဂိုလ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ချင်းပြည်နယ်၊ မင်းတပ်မြို့၊ ဗဟိုသာသနာပြုဌာန၊ ဗဟိုကျောင်းတွင် ဖေဖော်ဝါရီလ(၂၂)ရက် နံနက်(၉း၀၀)နာရီတွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယဆရာတော်များအဖွဲ့ အဖွဲ့ဝင်ဆရာတော် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ် မဟာအောင်မြေဘုံစံကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဝိစိတ္တဉာဏအမှူးပြုသော သံဃာတော်အရှင်သူမြတ်များ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်၊ ခရိုင်အဆင့်ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြပါသည်။

အခမ်းအနားတွင် ထေရဝါဒဩဝါဒါစရိယဆရာတော်များအဖွဲ့ အဖွဲ့ဝင်

www.dhammaransi.com





ဆရာတော် ဘဒ္ဒန္တဝိစိတ္တညာဏမှ အဖွင့်သြဝါဒကထာမြွက်ကြားတော်မူပြီး သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်းမှ သာသနာရေးဆိုင်ရာများလျှောက်ထားခဲ့ပါသည်။

သင်တန်းကာလမှ ၂၂.၂.၂၀၁၆ မှ ၄.၃.၂၀၁၆ ထိဖြစ်ပြီး သင်တန်းသားဦးရေ(၃၅)ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားကြီးတွင် ဆရာတော်ပင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ထေရဝါဒဩဝါဒါစရိယဆရာတော်များအဖွဲ့ အဖွဲ့ဝင်ဆရာတော်ဘဒ္ဒန္တဝိစိတ္တိညာဏထံမှ ရေစက်သွန်းချ အနုမောဒနာတရားနာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

www.dhammaransi.com



## သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတွင် ထုတ်ဝေရောင်းချလျက်ရှိသော မြန်မာ၊ အင်္ဂလိပ်ကျမ်းစာအုပ်များ

| No | Name of Book |
|---|---|
| ၁. | ဗုဒ္ဓဘာသာကောင်းတစ်ယောက် |
| ၂. | သဒ္ဓမ္မဇောတိကပဋ္ဌာန်း |
| ၃. | သဒ္ဓမ္မဇောတိက အဘိဓမ္မာ |
| ၄. | သဒ္ဓမ္မဇောတိက ပဋိစ္စသမုပ္ပါဒ် |
| ၅. | ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာ |
| ၆. | ကပ္ပိယကောင်းတစ်ယောက် |
| ၇. | အလှူဒါနအမျိုးမျိုး |
| ၈. | သီလ(သို့) ကိုယ်ကျင့်တရား |
| ၉. | ဂုဏ်တော်(မြန်မာ) |
| ၁၀. | အမရပူရ |
| ၁၁. | သာသနာပြုအခြေခံကိုယ်ကျင့်တရား |
| ၁၂. | ဂေါပကနှင့်ဗုဒ္ဓဘဏ္ဍာတော် |
| ၁၃. | ဘဝတန်ဖိုးမြှင့်ဩဝါဒကထာ |
| ၁၄. | အလိမ္မာပျိုးခင်း |
| ၁၅. | အမျိုးသားယဉ်ကျေးမှု |
| ၁၆. | ပေစာကျမ်းလာ မြန်မာ့ဆေးပညာ |
| ၁၇. | သပ္ပုရိသဝတ်ရွတ်စဉ် |
| ၁၈. | ဗုဒ္ဓနှင့် ပြဟ္မဏ(ပုဏ္ဏား)တို့၏ လောကသဘာဝပြဿနာများ တွေ့ဆုံဆွေးနွေးမှု |
| ၁၉. | ဗုဒ္ဓဂေါတမနှင့် ဆွေတော်မျိုးတော်တို့၏ လောကဓမ္မပြဿနာဖြေရှင်းနည်း |

www.dhammaransi.com

